# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 23 July 2023 ၁၁၁၆၅


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## လေဖိအားနည်းရပ်ဝန်း အားပျော့သွားပြီ

နေပြည်တော် ဇူလိုင် ၂၂

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း၊ အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့်အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်သည်။

မိုး/ဇလ

**ယနေ့ ဖတ်စရာ**

### ဗိဿနိုးမြို့ဟောင်းတစ်ခွင် လာစေချင်

ဆောင်းပါး စာမျက်နှာ » ၆




### ဇာတ်သဘင်ပွဲခင်းကို နှစ်သက်မြတ်နိုးသည့် ပရိသတ်များအတွက် ရန်ကုန်မြို့ ရွှေထွဋ်တင်၌ ပွဲခင်းအစီအစဉ် ကျင်းပမည်

စာမျက်နှာ » ၈



## ကျောက်ဆည်မြို့နယ်၌ မိုးနေကြာ ၃၁၄၃ ဧက လျာထားစိုက်ပျိုး

ကျောက်ဆည် ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဒေသအတွင်း စားသုံးဆီဖူလုံပိုလျှံရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မိုးနေကြာ ၃၁၄၃ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်တွင် မိုးနေကြာများကို မင်းရဲ စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းတွင် ၁၃ ဧက၊ သင်းတွဲ စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းတွင် ၁၅၂၉ ဧက၊ သင်းဒီး စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းတွင် ၃၁၁ ဧက၊ ထုံးကြီး စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းတွင် ၈၈ ဧက၊ စမာ စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းတွင် ၁၀၆၈ ဧက၊ တမုတ်စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းတွင် ၁၃၄ ဧက စုစုပေါင်း ၃၁၄၃ ဧက လျာထားစိုက်ပျိုးထားကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် မိုးနေကြာများစိုက်ပျိုးရာတွင် ဆည်ရေသောက်၊ မိုးကောင်းရေသောက်စနစ်များဖြင့် ပက်ကြဲစိုက်ပျိုးခြင်း၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍




ကြေးမုံ

# ထေရဝါဒဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပ

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် သဲဖြူကုန်းတော်မြေနေရာတွင် ကိန်းဝပ်စံပယ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်အဆင့် စည်ကားခမ်းနားစွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် ရည်ရွယ်ချက်(၄)ရပ်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး ဘုရားဒါယကာ၊ ဒါယိကာမတို့က သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာထုံးများနှင့်အညီ အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့ပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာစစ်စစ် ကိုးကွယ်သည့်နိုင်ငံဖြစ်သည်။ ထေရဝါဒဗုဒ္ဓသာသနာတော် မြန်မာနိုင်ငံ၌ စတင်ဖြစ်ထွန်းလာခဲ့သည့် ပုဂံခေတ်မှစ၍ ယနေ့ထက်တိုင်အောင် အစွန့်ရှည်တည်တံ့ ထွန်းလင်းတောက်ပနေဆဲဖြစ်သည်။ ဆက်လက်၍ ထေရဝါဒဗုဒ္ဓဘာသာ မြန်မာနိုင်ငံတွင် အခြေခံခိုင်မာမှု ကမ္ဘာတည်သရွေ့ ဆက်လက်ထွန်းလင်းတောက်ပနေသည်ကို ပြသနိုင်ရန်အတွက် ကမ္ဘာပေါ်၌ အလေးချိန်အများဆုံး၊ ဉာဏ်တော်အမြင့်ဆုံး အံ့မခန်းဖွယ်ရာ ကျောက်သားစစ်စစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်ထွန်းလာရန် ရည်ရွယ်တည်ထားသည်ကို ယနေ့မြင်တွေ့နေရပြီဖြစ်သည်။

ဂေါတမမြတ်စွာဘုရားရှင် ၄၅ ဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သည့် ဝိနည်း၊ အဘိဓမ္မာနှင့် သုတ္တန်ဒေသနာတော်များ ကမ္ဘာတည်သရွေ့ မပျက်စီးဘဲ ကမ္ဘာ့ဗုဒ္ဓသာသနာ့စာကြည့်တိုက်ကြီးအဖြစ် တည်ရှိနေစေရေးအကျိုးငှာ ရုပ်ပွားတော်မြတ်ကြီး မျက်နှာတော်မူရာအရပ်မျက်နှာတို့၌ ဝိနည်းကျောက်စာရုံစေတီ ၉၆ ဆူ၊ အဘိဓမ္မာကျောက်စာရုံစေတီ ၂၁၆ ဆူနှင့် သုတ္တန်ကျောက်စာရုံစေတီ ၇၂၀ ကို တစ်ဆူလျှင် ကျောက်စာချပ်နှစ်ချပ်၊ ကျောက်စာတစ်ချပ်တွင် ပါဠိဘာသာတစ်ဖက်၊ ရိုမန်ဘာသာတစ်ဖက် ရေးထိုးထားပြီး ကျောက်စာချပ်ပေါ်တွင် စာသားရေးထွင်းမှုကို ကွန်ပျူတာထိန်းချုပ်စက်ယန္တရားများ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာ နေလိုလလို ထွန်းလင်းတောက်ပနေသည်ကို မြန်မာပြည်သူပြည်သားများ ကြည်ညိုဖွယ်ရာမဆုံး ဖူးမြော်နိုင်ကြစေရန် အပြင် ထေရဝါဒဗုဒ္ဓသာသနာကို ကြည်ညိုလေးစား ကိုးကွယ်ဆည်းကပ်ကြသည့် ကမ္ဘာ့နိုင်ငံများရှိ ဗုဒ္ဓဘာသာဝင်များ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ထူးခြားအံ့ဖွယ်ရာ တည်ထားကိုးကွယ်မှုဆိုင်ရာ တည်ဆောက်ရေးဗိသုကာ အသိပညာ၊ အတတ်ပညာများကို လေ့လာလိုကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ လေ့လာရေးသုတေသီများ စိတ်ဝင်စားဖွယ်လေ့လာခွင့်များနှင့် ဖူးမြော်ကြည်ညို ကုသိုလ်သဒ္ဓါပွားခွင့်များ ရရှိနိုင်ကြမည်ဖြစ်သည်။

မင်္ဂလာအခမ်းအနားကျင်းပရာသို့ ပြည်ပကိုးနိုင်ငံမှ ကြွရောက်တော်မူလာကြမည့် ဆရာတော် သံဃာတော် အပါး ၇၀ ကျော်နှင့် ပြည်တွင်းမှ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ သံဃာတော်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဧည့်သည်တော်များတက်ရောက်ကြမည်ဖြစ်ပြီး အခမ်းအနားစတင်ချိန်မှ ပြီးဆုံးသည်အထိ ကျက်သရေမင်္ဂလာရှိသော မြင်ကွင်းများ၊ ဗုဒ္ဓဘာသာဝင် ခုနစ်ရက်သားသမီးအပေါင်းတို့၏ လှူဒါန်းခဲ့သည့် ကုသိုလ်အပေါင်းတို့နှင့် ကမ္ဘာ့အကြီးဆုံး ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားနိုင်ရေးအတွက် စွမ်းစွမ်းတမံ မနေမနားဆောင်ရွက်ခဲ့ကြသူများအားလုံးတို့၏ ကုသိုလ်များကို ပီတိသောမနဿစိတ်ဖြင့် အာရုံပြုနိုင်ကြမည်ဖြစ်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပပြီးနောက် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့အထိ မြန်မာပြည်တစ်ဝန်းလုံးမှ ဘုရားဖူးပြည်သူအားလုံးကို မင်္ဂလာအခမ်းအနားများ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် လုံခြုံရေးအရ စစ်ဆေးမှုခံယူပြီး အခမဲ့ဝင်ရောက်ဖူးမြော်ကြည်ညိုခွင့်ပြုမည်ဖြစ်သည်။ အဆိုပါနေ့ရက်နောက်ပိုင်းတွင် နိုင်ငံတကာ ထုံးတမ်းစဉ်လာများနှင့်အညီ သတ်မှတ်အခကြေးငွေဖြင့် ဖူးမြော်ကြည်ညိုလေ့လာခွင့်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲနှင့် အလှူရှင်များကောင်းမှု၊ ပြည်ပပညာရှင်တစ်ဦးတစ်ယောက်မျှမပါဘဲ မြန်မာနိုင်ငံသား အင်ဂျင်နီယာပညာရှင်များဖြင့် ဆောင်ရွက်နိုင်မှုကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ဗုဒ္ဓဥယျာဉ်တော်ကြီးတစ်ခု အံ့မခန်းဖွယ် အောင်မြင်စွာ တည်ထားနိုင်ခဲ့ရာ မြန်မာနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပနေမှုကို တစ်ကမ္ဘာလုံးသို့ ပြသနိုင်ပြီဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဇူလိုင် ၂၂

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရွာသစ်ကြီးကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ညိုတောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ပညာရာမပရိယတ္တိစာသင်တိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဥမင်ဓမ္မသုခကျောင်းတိုက်၊သာကေတမြို့နယ်ရှိ ဓမ္မသုခဝိပဿနာကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မဝံသ(ဓမ္မဝုန်း) ကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မောင်းထောင်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မဟာဝရဇိန်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဖားအောက်တောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိတောင်ကြီးကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဇေယျာကျောင်းတိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိရတနာပုံကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးပြည်သူ့ဆေးရုံကြီး၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

ပဲခူး ဇူလိုင် ၂၂

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုကို ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး၌ ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးခြင်းကို ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည်။



ပဲခူးမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်လတိုင်း ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မုဒုံမြို့ အထက(ညောင်ကုန်း)ကျောင်းတွင် လူငယ်စကားဝိုင်းကျင်းပ

မုဒုံ ဇူလိုင် ၂၂

မွန်ပြည်နယ် မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ အသိပညာဗဟုသုတများပြည့်စုံပြီး ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူငယ်စကားဝိုင်းကို ဇူလိုင် ၂၁ ရက်က အထက (ညောင်ကုန်း) ကျောင်းခန်းမ၌ ကျင်းပသည်။



လူငယ်စကားဝိုင်းတွင် မုဒုံမြို့နယ် ပညာရေးမှူး ဒေါ်မြဝင်းက အမှာစကားပြောကြားပြီး မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူတို့က ဦးဆောင်ဆွေးနွေးပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ ကျောင်းသားနှင့်စာပေ၊ ကျောင်းသားနှင့်ယဉ်ကျေးမှု၊ ကျောင်းသားနှင့်အားကစားခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | – ဦးနိုင်လင်းကြည်၊ | **စာပြင်** | – ဒေါ်မြသီတာနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | – ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စပါးခွံလောင်စာသုံး Gasifier ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၂၂

စပါးခွံလောင်စာသုံး Gasifier ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဇီဝလောင်စာဓာတ်ငွေ့ထုတ်လုပ်မှုသည် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို လျော့ပါးသက်သာစေပြီး စွမ်းအင်လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ကြီးမားသည့် ထိရောက်မှုဖြစ်စေကြောင်း၊ အော်ဂဲနစ်စွန့်ပစ်ပစ္စည်းများနှင့် ဇီဝလောင်စာများကို အဖိုးတန်စွမ်းအင်အရင်းအမြစ်များအဖြစ်သို့ ပြောင်းလဲခြင်းဖြင့် လောင်စာဆီများအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ Gasifier နည်းပညာရပ်ကို ဒုတိယကမ္ဘာစစ်အတွင်း တွင်ကျယ်စွာအသုံးပြုခဲ့ကြပြီး မြန်မာနိုင်ငံတွင် ၁၉၉၅-၉၆ ခုနှစ်မှစတင်၍ အသုံးပြုခဲ့ပါကြောင်း၊ အစိုးရဓာတ်အားစနစ် မရောက်နိုင်သောဒေသများ၊ ဓာတ်အားစနစ်ရောက်ရှိသော်လည်း ဓာတ်အားလုံလောက်စွာ မရရှိနိုင်သောဒေသများတွင် အသုံးပြုခဲ့ကြကြောင်း၊ ကျေးရွာလျှပ်စစ် မီးလင်းရေးလုပ်ငန်းများနှင့် ဆန်စပါးထွက်ရှိသော ဧရာဝတီတိုင်းတွင် အများဆုံးအသုံးပြုခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် အသိပညာဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မိမိတို့တာဝန်ယူ၊ တာဝန်ခံနိုင်မည့် ကဏ္ဍများ၊ အကြံပြုချက်များ၊ ပြုပြင်ရန်လိုအပ်သည်များကို ပွင့်လင်းစွာ ဆွေးနွေးပေးကြရန်ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ဝန်ကြီးဌာနအနေဖြင့် Gasifier များ အသုံးပြုနေသည့် MSME လုပ်ငန်းရှင်များ၊ အတွေ့အကြုံရှိ ပညာရှင်များနှင့် သီအိုရီပိုင်းဆိုင်ရာ၊ လက်တွေ့ပိုင်းဆိုင်ရာများကို ပေါင်းစပ်ဆောင်ရွက်မည့် အခြေအနေနှင့် Gasifier နှင့်ပတ်သက်၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ သုတေသနစာတမ်းများ ဖတ်ကြားခြင်း၊ စနစ်ကျသည့် Gasifier များ တည်ဆောက်အသုံးပြုနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းတို့က တိုင်းဒေသကြီးအတွင်း စပါးခွံလောင်စာများ အသုံးပြု၍ Gasifier များ တိုးမြှင့်သုံးစွဲနေမှု၊ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် Gasifier များ တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှုနှင့် Gasifier သုံး ဆန်စက်များကြောင့်သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး အနီးကပ်စောင့်ကြည့်စစ်ဆေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားကြပြီး တာဝန်ရှိသူများက Gasifier ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖော်ထုတ်ချက်များ၊ စပါးခွံလောင်စာ တောင့်စက်ရုံ၏ စွန့်ပစ်ရည်စစ်ဆေးမှုဆိုင်ရာ ဆောင်ရွက်ချက်များ၊ Gasifier တည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက စပါးခွံလောင်စာသုံး Gasifier များ၊ Gasifier စာတမ်းများ၊ Gasifier သုံးအင်ဂျင်များနှင့် Gasifier အသုံးပြုနေမှုအခြေအနေများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ တိုင်းဒေသကြီး/ပြည်နယ်/ပြည်ထောင်စုနယ်မြေ(နေပြည်တော်)တို့မှ MSME Agency ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီတို့မှ တာဝန်ရှိသူများတက်ရောက်သည်။

**စုစုပေါင်း ၄၁၂ ခုရှိ**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် ပုဂ္ဂလိကစက်မှု မှတ်ပုံတင်ထားသည့် စပါးခွံလောင်စာသုံး Gasifier လုပ်ငန်းများ အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇၈ ခု၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၆ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၃ ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၃၀၃ ခု စုစုပေါင်း ၄၁၂ ခုရှိသည်။ ယင်းလုပ်ငန်း ၄၁၂ ခုအနက် ဆန်စက်လုပ်ငန်းတွင် အသုံးပြုနေသော Gasifier ၃၁၉ ခုဖြစ်ပြီး အခြားလုပ်ငန်းတွင် အသုံးပြုနေသော Gasifier ၂၀ ခုရှိကြောင်း သိရသည်။

ယခုအလုပ်ရုံဆွေးနွေးပွဲကို ဌာနများအလိုက် ဆောင်ရွက်မှုများအား ပြည့်စုံစွာ ဆောင်ရွက်နိုင်ရန်၊ MSME လုပ်ငန်းများအတွက် လိုအပ်ချက်များနှင့် ကိုက်ညီစေရန်၊ ပြည်တွင်းမှထုတ်လုပ်မှု စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ပြည်တွင်းထုတ် Gasifier များဖြင့် လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ပေးနိုင်ရန်၊ Gasifier သုံး စက်မှုလုပ်ငန်းများကို အားပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အားရရှိစေရန်၊ စွန့်ပစ်စပါးခွံများ စုပုံနေမှုမဖြစ်စေရန်၊ စွန့်ပစ်ပြာများကို ပြန်လည်အသုံးပြုနိုင်ရန်စသည့် ဆင့်ပွားအကျိုးကျေးဇူးများရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းသင်တန်း(၁/၂၀၂၃)ဖွင့်ပွဲတက်ရောက်



ရန်ကုန် ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးကြပ်၍ မင်္ဂလာဒုံမြို့နယ် လှော်ကားငါးလုပ်ငန်းစခန်းတွင် အခြေခံငါးမွေးမြူခြင်းနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၂၃)ဖွင့်ပွဲအခမ်းအနားကို အဆိုပါငါးလုပ်ငန်းစခန်း သင်တန်းခန်းမ၌ ဇူလိုင်၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေစဉ်ကာလတွင် ဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ စီးပွားရေးဦးတည်ချက်တစ်ရပ်ဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရမည်ဖြစ်၍ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများအလုပ်အကိုင်ရရှိစေရေးအတွက် ပြည်သူများလက်ဝယ်ရှိ သေချာသည့်ကုန်ထုတ်လုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို သမားရိုးကျ မိရိုးဖလာနည်းများအစား ခေတ်မီနည်းလမ်းများကို အသုံးပြုဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ မွေးမြူရေးကဏ္ဍတွင် မျိုး၊ အစာအာဟာရနည်းပညာ၊ လှောင်ကန်မွေးမြူနည်းစနစ်များကို ပံ့ပိုးကူညီနိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်းကို လမ်းညွှန်ချက် ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝမှ သယံဇာတများဖမ်းဆီးထုတ်လုပ်နိုင်မှုနှင့်ပတ်သက်၍ အကန့်အသတ်များရှိနေပြီဖြစ်သဖြင့် တိုးတက်လာသော လူဦးရေအတွက် ငါးရိက္ခာများ ဖြည့်တင်းဆောင်ရွက်နိုင်ရေး၊ ငါး/ပုစွန်ထုတ်လုပ်ရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရန်မှာ မလွဲမသွေဆောင်ရွက်ရမည့် အဓိကလုပ်ငန်းတာဝန်ဖြစ်လာပါကြောင်း၊ ဒါကြောင့် ငါးသယံဇာတအရင်းအမြစ်ကို ထုတ်ယူသည့်လုပ်ငန်းများထက် မွေးမြူထုတ်လုပ်မှုကို အလေးထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းနည်းပညာပေးသင်တန်းတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ငါးမွေးမြူရေးလုပ်ငန်းအရပ်ရပ်ကို စိတ်ပါဝင်စား၍ လေ့လာနေသူများ၊ တစ်ပိုင်တစ်နိုင် ငါးမွေးမြူရန် စီမံနေသူများ၊ ငါးမွေးမြူရေးလုပ်ကိုင်လိုသူများပါဝင်နေသည့်အတွက် ရေချိုငါးများကို ဆေးထိုးသားဖောက်ထုတ်လုပ်ခြင်းနှင့် အခြေခံငါးမွေးမြူရေးကို စာတွေ့၊ လက်တွေ့ ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ လေ့လာမွေးမြူနိုင်ရန်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်ရွှေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အားပြောကြားသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လှော်ကားငါးလုပ်ငန်းစခန်းတွင် ဆေးထိုးသားဖောက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။ သင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ငါးလုပ်ငန်းစခန်းတာဝန်ခံများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများ၊ တိုင်းဒေသကြီးအတွင်းရှိမြို့နယ်များမှ သင်တန်းသား ၂၆ ဦးနှင့် သင်တန်းသူ လေးဦး စုစုပေါင်း ၃၀ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် မျိုးငါးရွေးချယ်ခြင်း၊ ငါးမှုန်/ငါးသန်ပြုစုခြင်း၊ ငါးအသားတိုးမွေးမြူခြင်း၊ ငါးရောဂါကာကွယ်ခြင်း၊ ငါးကန်ရေအရည်အသွေး ထိန်းသိမ်းခြင်း၊ သက်ရှိအစာ မွေးမြူခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်းနှင့် နိုင်ငံတကာအသိအမှတ်ပြု ISO/IEC 17025: 2017 လက်မှတ်ရရှိထားသော ဓာတ်ခွဲခန်းမှ အစားအစာဘေးကင်းလုံခြုံမှုနှင့်ပတ်သက်ပြီး ဓာတ်ခွဲစစ်ဆေးမှုလုပ်ငန်းစဉ်များ စသည့် သင်ခန်းစာများကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲပြုလုပ်

သာစည် ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီခွဲက လှိုင်းတက်တိုက်နယ်ဆေးရုံဝင်းအတွင်း၌ ပြုလုပ်သည်။

သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမိုးထက်အောင်နှင့် ဝန်ထမ်းများ၊ လှိုင်းတက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ကြပြီး တမာပင် ၁၈၀၊ မည်စည်ပင် ၁၂၀၊ ကုက္ကိုပင် ၁၈၀ နှင့် မဲဇလီပင် ၆၀ စုစုပေါင်းအပင် ၅၄၀ ကို စိုက်ပျိုးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပဲခူးနှင့် မကွေးတိုင်းဒေသကြီးများရှိ ပြည်သူ့ဆေးရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၂**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ငါးထပ်ဆောင် တည်ဆောက်နေမှုနှင့် ခာတ်ခွဲနှင့် ခာတ်မှန်ဌာနများ၌ လုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အရည်အသွေးပြည့်ဝသော ဆေးကုသစောင့်ရှောက်မှုများပေးအပ်ရေး၊ လူနာများ စိတ်ချမ်းမြေ့စွာ ကုသမှုခံယူနိုင်ရေး၊ နွေးထွေးပျူငှာစွာ ပြောဆိုဆက်ဆံရေးနှင့် ပြည်သူများ အားကိုးအားထားပြုရသည့် ဆေးရုံများဖြစ်စေရေး ဆောင်ရွက်ရန် ကိစ္စရပ်များကို မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုကို သွားရောက်ကြည့်ရှုပြီး အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး အောင်လံမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် မကြာမီ သစ်လွင်ဆရာဝန်များ ထပ်မံခန့်ထားပေးမည်ဖြစ်ကြောင်း၊ သူနာပြုများကိုလည်း ဖြည့်ဆည်း ခန့်ထားပေးလျက်ရှိကြောင်း၊ ဒေသအလိုက် အချက်အချာကျသည့် မြို့နယ်ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် ဆရာဝန်များ ဖြည့်ဆည်းနိုင်ရေးအတွက် ကုသရေးဦးစီးဌာနသို့ တင်ပြ၍ ညှိနှိုင်းဆောင်ရွက်သွားကြရန် မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး သွားနှင့်ခံတွင်းကုသမှုဌာန၊ ခွဲစိတ်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် လူနာများကို ဖြည့်စွက်အာဟာရများ ထောက်ပံ့ပေးအပ်၍ အားပေးစကား ပြောကြားသည်။

ထို့နောက် တောင်တွင်းကြီးမြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးလုပ်ငန်းများကို ကျေးလက်ဒေသ အောက်ခြေအထိ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့နယ်အတွင်းရှိ IDP စခန်းများသို့သွားရောက်၍ ထောက်ပံ့ပစ္စည်းများပေးအပ်

**စစ်တွေ ဇူလိုင် ၂၂**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ်အတွင်းရှိ IDP စခန်းများသို့ သွားရောက်၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြန့်ခွဲနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



**ဆန်ရိက္ခာထောက်ပံ့ပေးအပ်ပွဲ တက်ရောက်**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သဲချောင်းကျေးရွာ Cyclone Shelter ၌ ရခိုင်ပြည်နယ် အစိုးရအဖွဲ့က စစ်တွေမြို့နယ်အတွင်းရှိ IDP စခန်းများသို့ ဆန်ရိက္ခာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ များစွာရှိကြောင်း၊ IDP စခန်းများတွင် စခန်း၏ ကောင်းရာကောင်းကျိုးများကို လုပ်ဆောင်နေကြသည့် စခန်းတာဝန်ခံကို ယခုကဲ့သို့ ကျန်းမာစွာ တွေ့ဆုံရသည့်အတွက် ဝမ်းသာကြောင်း၊ မုန်တိုင်းမဝင်ရောက်မီကာလတွင်လည်း မိမိတို့အစိုးရအဖွဲ့နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် စခန်းတာဝန်ခံများကိုလည်း ကျေးဇူးတင်ကြောင်း၊ IDP စခန်းများနှင့် ကျေးရွာများတွင် မူလအနေအထားအတိုင်း စည်စည်ကားကားဖြင့် ရောင်းဝယ်ဖောက်ကားနေသည်ကို တွေ့ရသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ မုန်တိုင်းဒဏ်သင့်မြို့နယ်များကို နိုင်ငံတော်မှ ဦးစားပေးအလိုက်အမိုးအကာအောက်ရောက်ရှိရေးကိစ္စရပ်များ၊ စားဝတ်နေရေးကိစ္စရပ်များ၊ ပညာသင်ကြားနိုင်ရန်ကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ လိုအပ်သည့် ကူညီထောက်ပံ့ပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ မိမိတို့လက်ရှိလုပ်ဆောင်နေကြသည့် ရောင်းဝယ်ဖောက်ကားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်းများကိုလည်း ယခင်ကထက် တိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ယခင်ထက် အထွက်နှုန်းကောင်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မွေးမြူနိုင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ စခန်းတာဝန်ခံများကလည်း စည်းရုံးတိုက်တွန်းပေးကြစေလိုကြောင်း၊ လိုအပ်ချက်များရှိပါကလည်း စခန်းတာဝန်ခံများက သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ ဆက်သွယ်အကြောင်းကြားကာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များအတွက် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ စခန်းတာဝန်ခံများအနေဖြင့် စခန်းသန့်ရှင်းသာယာရေးကို စခန်းအတွင်း နေထိုင်ကြသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ သို့မှသာ ရောဂါဘယများ ကင်းဝေးမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့က ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက တင်ပြပေးကြစေလိုကြောင်း၊ ယခုထောက်ပံ့ပေးအပ်မည့် ဆန်များကိုလည်း စခန်းတာဝန်ခံများက မျှမျှတတဖြင့် ဖြန့်ဝေပေးကြစေလိုကြောင်းနှင့် လိုအပ်ချက်များရှိပါက ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးများက သဲချောင်း၊ ဒါးပိုင်း၊ သက္ကေပြင်၊ မော်သီညွာနှင့် ဘာဆာရာ IDP စခန်းများမှ စခန်းတာဝန်ခံများအား ဆန်ရိက္ခာများထောက်ပံ့ပေးအပ်ကြရာ စခန်းတာဝန်ခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သဲချောင်းကျေးရွာ Cyclone Shelter အား လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

**ခေါင်းဒုက္ကာကျေးရွာသို့ သွားရောက်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခေါင်းဒုက္ကာကျေးရွာသို့ သွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ စခန်းတာဝန်ခံများနှင့် တွေ့ဆုံပြီး ဆန်ရိက္ခာထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေပေးနေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရေး၊ စခန်းသန့်ရှင်းသာယာရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများအား ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးများက ခေါင်းဒုက္ကာ(၁)၊ ခေါင်းဒုက္ကာ(၂)၊ ဘောဒူဖ(၁)၊ ဘောဒူဖ(၂)၊ အုန်းတောကြီး(တောင်)၊ အုန်းတောကြီး(မြောက်)၊ ချမ်းသာကုန်နှင့် အုန်းတောချေ IDP စခန်းများမှ စခန်းတာဝန်ခံများအား ဆန်ရိက္ခာများ ထောက်ပံ့ပေးအပ်ကြရာ စခန်းတာဝန်ခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ဆန်ရိက္ခာ အိတ် ၁၄၀၀ ထောက်ပံ့**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စစ်တွေမြို့နယ်အတွင်းရှိ IDP စခန်းတွင် နေထိုင်ကြသူများအတွက် ဆန်ရိက္ခာ အိတ် ၁၄၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်ပြီး MV-WERU PACK KHA နှင့် ပြည်တော်အေး(၃) သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား စက်ယန္တရားအင်အားများအသုံးပြုကာ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးရန်စီစဉ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက်နေကြသည့် ရဲတပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ကမ်းသို့ သွားရောက်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကုန်ပစ္စည်းများအား သင်္ဘောကြီးများဖြင့် တင်ဆောင်၍ ရခိုင်ပြည်နယ်အတွင်း ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် စက်ယန္တရားများဖြင့် အတင်အချပြုလုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရွှေကျင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေး

**ရွှေကျင် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကျွဲတဲရပ်ကွက် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံတွင် ယမန်နေ့ နံနက် ၉ နာရီမှစ၍ မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးသည်။

ခုတင်(၁၀၀)ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်ဒေါက်တာသိန်းနိုင်လင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်လတိုင်း ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၂

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စေတီယျရပ်ကွက်ရှိစေတီယျတောင်၌ သာသနိက အဆောက်အအုံများနှင့် ဘုရားစေတီများအနီး ပတ်ဝန်းကျင်နေရာများအား နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး တိုင်းရင်းဆေးလုပ်ငန်းရှင်များက ပေးပို့လှူဒါန်းထားသည့် တိုင်းရင်းဆေးမျိုးစုံကို ပေးဝေခဲ့ကြသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့သစ်ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) မီးရထားဆိပ်ရပ်ကွက်ရှိ မြို့မနာရီစင်လမ်းတစ်လျှောက် လမ်းဘေး ဝဲ/ယာတို့၌ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး အမှတ်(၅)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ကာ အသိပညာပေး



လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ယင်းနောက် အမှတ်(၅) ရပ်ကွက်အတွင်းရှိ နေအိမ်များ၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ တစ်အိမ်တက်ဆင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်နေမှုနှင့် မြို့ပေါ်ရပ်ကွက်များအလိုက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ချင်းပြည်နယ် မတူပီမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ခင်မောင်အေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတူပီတောင်တန်းသာသနာပြုဗဟိုကျောင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ တက်ရောက်သင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး ကျောင်းထိုင်ဆရာတော်အား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အလားတူ တီးတိန်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းကိုကိုသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ တက်ရောက်သင်ကြားနေသော ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများအား ဗလာစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး ကျောင်းထိုင်ဆရာတော်အား ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ခေါက်ဆွဲခြောက်များ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့အတူ စစ်တွေမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်နယ်စည်ပင်သာယာရေးရုံးအစည်းအဝေးခန်းမ၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရန်နှင့်ပတ်သက်၍ ပြည်သူလူထုအား တွေ့ဆုံဆွေးနွေးပြီး သဘာဝဘေးအန္တရာယ် ထူထောင်ရေးအတွက် ထပ်မံခွဲဝေရရှိသော ဆန်အိတ်များအား ဒေသခံပြည်သူများအတွက် ထုတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အလားတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပိုက်သည်ရပ်ကွက်ရှိ မြို့အဝင်လမ်း၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ကျောင်းသား ကျောင်းသူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်၊ ချမ်းမြေ့နဒီ စာကြည့်တိုက်နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းအတွက် သုတ၊ ရသ စာအုပ်/စာစောင်များကို ပေးအပ်ခဲ့သည်။

ထို့အတူ ရမ်းဗြဲမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဇော်မင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အမှတ်(၆)ရပ်ကွက်ရှိ မြို့တည်ဆုတောင်းပြည့် တန့်ရှင်ပင်စေတီတော်အနီးပတ်ဝန်းကျင်နေရာများအား နယ်မြေခံတပ်မှ တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ ယင်းနောက် မြို့ပေါ်(၆)ရပ်ကွက်ရှိ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်များနှင့် ဈေးဆိုင်များ၌ မိုးရာသီကာလအတွင်း ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်ကိုက်ခံရခြင်းကြောင့် ဖြစ်ပွားတတ်သည့် အခြားရောဂါများ မဖြစ်ပေါ်စေရန်အတွက် ကြိုတင်ကာကွယ်ရေးအနေဖြင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆင်းသုခမျိုးစေ့ထုတ် စံပြစိုက်ခင်း စုပေါင်းစိုက်ပျိုး ဓာတ်မြေသြဇာနှင့်သဘာဝမြေသြဇာများ ထောက်ပံ့

ဘားအံ ဇူလိုင် ၂၂

ဘားအံမြို့နယ် ထုံးအိုင်ကျေးရွာ ဦးမောင်လွင်ပါ သုံးဦး၏ လယ် ၁၀ ဧက၌ ဆင်းသုခမျိုးစေ့ထုတ်စံပြစိုက်ခင်း စုပေါင်းစိုက်ပျိုးပွဲနှင့်မြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက တစ်ပြည်နယ်လုံး မျိုးကောင်းမျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးနိုင်ရေးအတွက် ကျေးရွာတိုင်းတွင် မျိုးစေ့ထုတ်စိုက်ခင်းများ ထူထောင်ကြရန်၊ သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ထုံးအိုင်၊ ကော့သံခါ၊ နောင်ထလုံး၊ ဝင်းကျန်၊ ကော့မူးသေ၊ ဖာလင်၊ ကော့ဒိုက်ပြင် ကျေးရွာများမှ မျိုးစေ့ထုတ် တောင်သူများအား ယူရီးယားဓာတ်မြေသြဇာ ၂၅ အိတ်နှင့် သဘာဝမြေသြဇာအိတ် ၅၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသခံတောင်သူလယ်သမားများက ဆင်းသုခ မျိုးစေ့ထုတ်စံပြစိုက်ခင်း စုပေါင်းစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးကြပြီး ကောက်စိုက်သမများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ တက်ရောက်လာသည့် တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၁၆-ခ) တောကြီးကွင်းရှိ လုပ်မြေဧရိယာ ၂၂ ဒသမ ၄၈ ဧကတွင် ရာသီသီးနှံဟင်းသီးဟင်းရွက် စိုက်ခင်းထူထောင်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လုပ်ငန်းခွင်ပြင်ပသေဆုံးမှု အကျိုးခံစားခွင့်ထုတ်ပေး

မော်ဘီ ဇူလိုင် ၂၂

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ မော်ဘီမြောင်းတကာ စက်မှုဇုန်ရှိ Mysarco Co., Ltd. မှ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှု ဖြစ်ပွားခဲ့သော သေဆုံးသူ အာမခံအလုပ်သမားအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဘားလမ်းရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက မော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော Mysarco Co., Ltd. မှ အာမခံအလုပ်သမား ဦးဇော်ထွဋ်နိုင်၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၅၉၁၀၀၀၀ ကို မိခင်ဖြစ်သူ ဒေါ်တင်တင်ညိုအား ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာမြို့မဈေးကြီး၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် သုံးစွဲကင်းစင်ပပျောက်ရေး အသိပညာပေး

မိတ္ထီလာ ဇူလိုင် ၂၂

မိတ္ထီလာမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဈေးရောင်းဈေးဝယ်များ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေး အသိပညာပေးကမ်ပိန်းကို ဇူလိုင် ၂၀ ရက်က



ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိတ္ထီလာမြို့မဈေးကြီးနှင့် ဈေးပတ်လမ်းအနီးတွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်လာသူများအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် ပလတ်စတစ်အစားထိုး စားသောက်ကုန်ထုပ်ပိုးနိုင်သည့် အင်ဖက်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်ကြွယ်နှင့်ဝန်ထမ်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဖြန့်ဝေပေးပြီး ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးနှင့် သုံးစွဲမှုကင်းစင်ပပျောက်ရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

# ဗိဿနိုးမြို့ဟောင်းတစ်ခွင် လာစေချင်

စုနန္ဒာ(ဗိဿနိုး)




ကျောက်ဆစ်လက်ရာဖြင့် ပြုလုပ်ထားသော ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အဝင်မုခ်ဦးကို တွေ့ရစဉ်။

မြန်မာ့သမိုင်းတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် စသည်ဖြင့် သမိုင်းမတင်မီခေတ်၊ သမိုင်းတင်ခေတ်ဦးနှင့် သမိုင်းတင်ခေတ်ဟူ၍ ပြောင်းလဲဖြစ်တည်မှုအဆင့်ဆင့်ရှိခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ရှေးဟောင်းမြို့ပြယဉ်ကျေးမှုကို ခရစ်တော်မပေါ်မီကာလကပင် ယဉ်ကျေးသောလူ့အဖွဲ့အစည်းအဖြစ် ပျူလူမျိုးများကအစပြု၍ တစ်ဆင့်ပြီးတစ်ဆင့် တည်ထောင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသနဌာန စတင်ပေါ်ပေါက်ချိန်မှစ၍ ပျူယဉ်ကျေးမှုထွန်းကားရာ ရှေးဟောင်းမြို့တော်များဖြစ်သော ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ဝတီး၊ ပင်လယ်(မိုင်းမော) စသည်ဖြင့် တူးဖော်သုတေသနပြုခဲ့ကြပါသည်။ သုတေသနပြုတူးဖော်တွေ့ရှိမှုများမှနေ၍ ပျူမြို့ပြစနစ်၏ ယေဘုယျသဘောလက္ခဏာများဖြစ်သော မြို့တည်ဆောက်ပုံအခင်းအကျင်း၊ မြို့နေရာရွေးချယ်ထားရှိမှု၊ ရေစီမံခန့်ခွဲမှုစနစ်နှင့် စိုက်ပျိုးမွေးမြူရေးအခြေအနေ၊ မြို့ရိုးမြို့တာနှင့် မြို့ဝင်ပေါက်များတည်ဆောက်ပုံစနစ်၊ အဆောက်အအုံများ၏ ပုံသဏ္ဍာန်များ၊ အသုံးပြုသောအုတ်အရွယ်အစား၊ လက်ရေးစင်းရာနှင့် အမှတ်အသားများပါသောအုတ်များ၊ သေဆုံးသူကို မီးသင်္ဂြိုဟ်၍ အရိုးအိုးများတွင် ထည့်သွင်းမြှုပ်နှံခြင်းဓလေ့ စသည့်ထင်ရှားပေါ်လွင်သောလက္ခဏာများဖြင့် ပျူယဉ်ကျေးမှုထွန်းကားရာဒေသများဖြစ်ကြောင်းကို သိရှိခဲ့ကြပါသည်။

၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်နေ့တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံခဲ့ရသော ပျူမြို့ဟောင်း သုံးမြို့တွင် ဗိဿနိုးပျူမြို့ဟောင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဗိဿနိုးပျူမြို့ဟောင်းသည် မြန်မာနိုင်ငံအလယ်ပိုင်း မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့၏ အနောက်ဘက် (၁၂) မိုင်အကွာ တောင်တွင်းကြီး-မကွေးကားလမ်းမပေါ်တွင် တည်ရှိပါသည်။ မြို့ဟောင်းသည် ၃ ဒသမ ၃ စတုရန်းမိုင် ကျယ်ဝန်းပြီး မြို့ဟောင်း၏ပုံသဏ္ဍာန်မှာ လေးထောင့်မကျတကျပုံသဏ္ဍာန်ဖြစ်ပါသည်။ မြို့ဟောင်း၏ ပတ်လည်တွင် ကျေးရွာ ၁၁ ရွာ ဝန်းရံလျက်ရှိပြီး ဗိဿနိုး ပျူယဉ်ကျေးမှုဒေသအား ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသ (Property Zone) ကို ၂၉၃၅ ဒသမ ၆၁ ဧက၊ ကြားခံဒေသ (Buffer Zone) ကို ၇၁၁၄ ဒသမ ၁၆ ဧက စသည်ဖြင့် ပိုင်းခြားသတ်မှတ်ထားပြီး စုစုပေါင်းဇုန်နယ်နိမိတ်ဧရိယာ ၁၀၀၄၉ ဧက သတ်မှတ်ထားပါသည်။ ဗိဿနိုးပျူယဉ်ကျေးမှုဒေသသည် အပူပိုင်းမိုးနည်းရပ်ဝန်းတွင်ပါဝင်ပြီး ယင်းချောင်းလွင်ပြင်တွင် တည်ရှိလျက်ရှိရာ စိုက်ပျိုးရေးအတွက် မြေဩဇာကောင်းမွန်သဖြင့် ဆန်စပါးနှင့် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်နိုင်သည်မှာ ယနေ့အထိပင်ဖြစ်ပါသည်။

ဗိဿနိုးပျူမြို့ဟောင်းသို့ လာမည်ဆိုပါက တောင်တွင်းကြီးမြို့မှ တောင်တွင်းကြီး-မကွေးကားလမ်းအတိုင်း ၁၂ မိုင်ခန့် လာရမည်ဖြစ်ပါသည်။ ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဝင်ရောက်လာသည်နှင့် ကားလမ်း၏တောင်ဘက်တွင် ကွေ့ဝိုက်စီးဆင်းနေသော ရန်ပယ်ချောင်းနှင့်အတူ လယ်ယာမြေရှုခင်းများကိုလည်း တွေ့မြင်နိုင်ပါသည်။ ကားလမ်း၏ မြောက်ဘက်ခြမ်းတွင်မူ ကျည်းရိုးကြီးကန်ကို သဘာဝတောတန်းများနှင့်အတူ တွေ့မြင်နိုင်ပါသည်။ ထို့နောက် "ဗိဿနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ"ဟူသည့် ကျောက်ဆစ်လက်ရာဖြင့် ပြုလုပ်ထားသော အဝင်မုခ်ဦးသို့ ရောက်ရှိမည်ဖြစ်ပါသည်။ မကွေးမြို့မှလာပါက မိုင် ၄၀ ခန့်ကွာဝေး၍ ရန်ပယ်ချောင်း၏သဘာဝအလှကို ကျယ်ပြန့်စွာတွေ့မြင်နိုင်ပြီး ထိုမှ ကုက္ကိုခွတံတားကြီးကို ကျော်ဖြတ်ကာ ဗိဿနိုးမြို့ဟောင်း၏ တောင်ဘက်မြို့ရိုးကို ဖြတ်ဖောက်ထားသော ကားလမ်းအတိုင်းလာပါက အဝင်မုခ်ဦးသို့ ရောက်ရှိမည်ဖြစ်ပါသည်။ မုခ်ဦးမှဝင်ရောက်လာသည်နှင့် သဘာဝအလှအပများကို ခံစားရင်း ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိမည်ဖြစ်ပါသည်။

### ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်

ဗိဿနိုးပျူမြို့ဟောင်းတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ရှေးဟောင်းသုတေသနဆိုင်ရာ လုပ်ငန်းတစ်ခုအဖြစ် ၁၉၅၉ ခုနှစ်မှ တူးဖော်သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ ကုန်းပေါင်း ၆၉ ကုန်းကို တူးဖော်ခဲ့ပြီးဖြစ်ပါသည်။ တူးဖော်သုတေသနလုပ်ငန်းမှ ရရှိလာသော ယဉ်ကျေးမှုအမွေအနှစ်ဝတ္ထုပစ္စည်းများကို မပျောက်ပျက်စေရန်၊ လူနှင့် သဘာဝဘေးဒဏ်တို့ကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရန်၊ ရေရှည်တည်တံ့နေစေရန်နှင့် အများပြည်သူလေ့လာနိုင်စေရန်တို့အတွက်ရည်ရွယ်၍ ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက် ဆောက်လုပ်ဖွင့်လှစ်၍ ပြသထားသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ ဗိဿနိုးမြို့ဟောင်းကို အခြေပြုပြီး မြို့ဟောင်းနှင့် ပတ်ဝန်းကျင်မှ တူးဖော်စုဆောင်းရရှိသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို အများပြည်သူလေ့လာနိုင်စေရန်အတွက် ရှေးဟောင်းသုတေသနပြတိုက်အဆောက်အအုံအသစ် ဆောက်လုပ်ခင်းကျင်းကာ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ ဖွင့်လှစ်ပြသခဲ့ပါသည်။ ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်ကို အပတ်စဉ် တနင်္လာနေ့နှင့် ပြန်တမ်းဝင်အစိုးရရုံးပိတ်ရက်များမှလွဲ၍ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိပါသည်။

ဗိဿနိုး ရှေးဟောင်းသုတေသနပြတိုက်တွင် ပြကွက်များအလိုက် ခင်းကျင်းပြသထားသော ရှေးဟောင်းဝတ္ထုပစ္စည်းများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပျူခေတ်ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများဖြစ်သည်ကို လေ့လာတွေ့မြင်နိုင်ပါသည်။ ဗိဿနိုးမြို့ဟောင်းကို တူးဖော်သုတေသနပြုရာတွင် ကျောက်ဝတ္ထုပစ္စည်းများ၊ မြေထည်ပစ္စည်းများ၊ အင်္ဂတေပစ္စည်းများ၊ ကြေးထည်ပစ္စည်းများ၊ သံထည်ပစ္စည်းများ၊ ငွေထည်ပစ္စည်းများ၊ ရွှေထည်ပစ္စည်းများ၊ သတ္တုရောပစ္စည်းများ၊ အရိုးအိုးများ စသည်တို့ကို တူးဖော်တွေ့ရှိခဲ့ပါသည်။

**"ထူးခြားသည့် အရိုးအိုးမြှုပ်နှံမှုဓလေ့၊ ဗုဒ္ဓသာသနိကဆိုင်ရာ ကျောင်းကန်ဘုရားတည်ဆောက်မှု၊ ကျွမ်းကျင်သည့် ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ တည်ဆောက်မှုဆိုင်ရာ ဗိသုကာလက်ရာများ၊ မြို့တည်ဖွဲ့ပုံနှင့် သဘာဝရေမြေပုံစံများ တွဲဖက်ဆက်စပ်လျက် ပြည့်စုံသောပြကွက်များကဲ့သို့ တည်ရှိနေပါသည်။ ထိုကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးကို ဖော်ညွှန်းလျက်ရှိသော ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အထောက်အထားများရှိနေသည့် ဗိဿနိုးပျူယဉ်ကျေးမှုဒေသသည် ပျူယဉ်ကျေးမှု၏ အနှစ်သာရကို ဖော်ပြနေသည့် လဟာပြင်ပြတိုက်သဖွယ်ဖြစ်"**

ပျူခေတ်ကာလ ဗိဿနိုးမြို့ဟောင်းတွင် နေထိုင်ခဲ့ကြသော ပျူလူမျိုးတို့၏ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတို့ကို သက်သေပြဖော်ဆောင်နေသောငင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ၊ ဗိသုကာအနုသုခုမလက်ရာများကို ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်တွင် ပြကွက် ၁၁ ကွက်ဖြင့် ခင်းကျင်းပြသထားသည်ကိုလည်း လေ့လာတွေ့မြင်နိုင်မည်ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ✧





ဗိဿနိုးပျူမြို့ဟောင်းအတွင်းရှိ ကုန်းအမှတ် ဘီတီအို-၁၄ ကိုတွေ့ရစဉ်။





လဟာပြင်ပြတိုက်သဖွယ်ဖြစ်နေသည့် ဗိဿနိုးပျူမြို့ဟောင်းအတွင်းရှိ ကုန်းအမှတ် ကေကေဂျီ-၃ နှင့် ကုန်းအမှတ် ကေကေဂျီ-၁၂ တို့ကို မြင်တွေ့ရစဉ်။

✧ စာမျက်နှာ ၆ မှ

**လဟာပြင်ပြတိုက်သဖွယ် ဗိဿနိုးပျူမြို့ဟောင်း (Open Air Museum)**

ဗိဿနိုး ရှေးဟောင်းသုတေသနပြတိုက်မှ ရွှေရောင်တော်ဘုရားသို့သွားရာ ကတ္တရာလမ်းနှင့် မြို့ဟောင်းအတွင်းသွားရာ မြေနီလမ်းအတိုင်း ဆက်လက်သွားမည်ဆိုပါက လဟာပြင်ပြတိုက်သဖွယ်ဖြစ်နေသော ဗိဿနိုးမြို့ဟောင်းကို လေ့လာနိုင်မည်ဖြစ်ပါသည်။

ဗိဿနိုးမြို့ဟောင်းအတွင်း ယနေ့အထိ တူးဖော်သုတေသနပြုပြီးသော ရှေးဟောင်းအုတ်ကုန်းပေါင်း ၆၉ ကုန်းရှိပြီး တူးဖော်သုတေသနပြုစာတမ်းများအရ အုတ်ကုန်းအမျိုးအစားများမှာ မြို့ရိုးနှင့်အရံအတား၊ မြို့ဝင်ပေါက်များ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ ဓလေ့ထုံးတမ်းဆိုင်ရာ အဆောက်အအုံများ၊ လူနေအဆောက်အအုံများနှင့် အခြားအဆောက်အအုံများဟူ၍ သတ်မှတ်ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။

မြို့ဟောင်းအတွင်း လေ့လာရာလမ်းတစ်လျှောက်တွင် ရှေးဟောင်းအုတ်ကုန်းများနှင့် တွဲဖက်လျက် သဘာဝမြေယာရှုခင်းများကို ရာသီဥတုအလိုက် မြင်တွေ့ခံစားရမည်ဖြစ်ပါသည်။ မိုးရာသီတွင် ဖူးသစ်စရွက်နုများ ဝေဖြာလျက် သဘာဝသစ်ပင်များ၊ တောပန်းအလှများနှင့် လယ်ယာလုပ်ကိုင်နေသည့် လုပ်ငန်းခွင်မြင်ကွင်းများ၊ နွေအခါက ရေခန်းခြောက်ခဲ့သော ချောင်းငယ်၊ မြောင်းငယ်များတွင် ရေများပြည့်လျှံစီးဆင်းနေသည့်မြင်ကွင်းများ၊ မိုးရေဖွေးဖွေးပြည့်မောက်နေသော ရေကန်ကြီးများ၏ ကန်ရေပြင်သဘာဝအလှများကို ရှေးဟောင်းအဆောက်အအုံများနှင့် ယှဉ်တွဲတွေ့မြင်ခံစားရသည့် ပြည့်စုံခြင်းရသကို ဗိဿနိုးမြို့ဟောင်းအား လေ့လာရခြင်းဖြင့် ရရှိနိုင်မည်ဖြစ်ပါသည်။ ဆောင်းရာသီတွင် စိမ်းစိုသောတောအုပ်တောတန်းများ၊ ဝင်းဝါနေသောစပါးပင်၊ သီးနှံပင်များနှင့်အတူ ဗိဿနိုးမြို့ဟောင်းအတွင်းရှိ အင်းကြီးကန်သို့ ဆောင်းခိုဝင်ရောက်လာသော ဆောင်းခိုငှက်များစသည်ဖြင့် ရာသီဥတုအလိုက် မြင်ကွင်းရှုခင်းများကို မြို့ဟောင်း၏အနီးဝန်းကျင်တွင် တွေ့ရပြီး ကျေးရွာများတွင်နေထိုင်ကြသော ဒေသခံပြည်သူများ၏ လူမှုဓလေ့စရိုက်ပုံသဏ္ဌာန်များနှင့်အတူ ယှဉ်တွဲမြင်တွေ့လေ့လာနိုင်မည်ဖြစ်ပါသည်။

ကျေးလက်ဒေသ လူမှုအဖွဲ့အစည်းများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကို အားပြုသောစီးပွားရေးပုံစံများနှင့် ရိုးရာလက်မှုလုပ်ငန်းများဖြစ်သော အိုးလုပ်ငန်း၊ ရက်ကန်းလုပ်ငန်းများကို ယနေ့မျက်မှောက်ခေတ်အထိ အသွင်သစ် ပုံစံသစ်တို့ဖြင့် တွေ့မြင်နိုင်ပါသည်။ ထူးခြားသည့် အရိုးအိုးမြှုပ်နှံမှုဓလေ့၊ ဗုဒ္ဓသာသနိကဆိုင်ရာ ကျောင်းကန်ဘုရားတည်ဆောက်မှု၊ ကျွမ်းကျင်သည့် ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ တည်ဆောက်မှုဆိုင်ရာ ဗိသုကာလက်ရာများ၊ မြို့တည်ဖွဲ့ပုံနှင့် သဘာဝရေမြေပုံစံများ တွဲဖက်ဆက်စပ်လျက် ပြည့်စုံသောပြကွက်များကဲ့သို့ တည်ရှိနေပါသည်။ ထိုကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးကို ဖော်ညွှန်းလျက်ရှိသော ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အထောက်အထားများရှိနေသည့် ဗိဿနိုးပျူယဉ်ကျေးမှုဒေသသည် ပျူယဉ်ကျေးမှု၏အနှစ်သာရကို ဖော်ပြနေသည့် လဟာပြင်ပြတိုက်သဖွယ်ဖြစ်နေသည်ကို လေ့လာတွေ့မြင်နိုင်ပါသည်။

**လေ့လာစေချင် မြို့ဟောင်းတစ်ခွင်**

ပြတိုက်များ ဖွင့်လှစ်ရခြင်းအကြောင်းသည် ယဉ်ကျေးမှုအမွေအနှစ်များကို လူထုအား ထုတ်ဖော်ပြသခြင်းနှင့် လူထုအား ယဉ်ကျေးမှုဆိုင်ရာများကို mind-set ချိတ်ဆက်ပေးခြင်းပင် ဖြစ်ပါသည်။ သမိုင်းဟူသည်မှာ အတိတ်ကဖြစ်ရပ်များပင်ဖြစ်ပြီး အတိတ်ကာလမှ ဖြစ်စဉ်ဖြစ်ရပ် ခေတ်အပိုင်းအခြားများကို သိရှိနိုင်ရန်မှာ ယဉ်ကျေးမှုအမွေအနှစ်များ၏ တန်ဖိုးကို ဖော်ထုတ်နိုင်ရမည်ဖြစ်ပြီး ၎င်းပစ္စည်းများ၏ ဖြစ်တည်မှုကို ချင့်ချိန်သုံးသပ်နိုင်မှသာ ယဉ်ကျေးမှု၏ အတိတ်နှင့် ပစ္စုပ္ပန်ကို ဆက်စပ်တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ လူတို့ ဖန်တီးပြုလုပ်ထားသော ပန်းချီကားများ၊ ဗီနိုင်းများ၊ ခတ်ပုံများ၊ Mouldများနှင့်အတူ ပြတိုက်၏ ဒီဇိုင်းခင်းကျင်းပြသမှုများကို ပြတိုက်တွင် လေ့လာနိုင်သကဲ့သို့ မြို့ဟောင်းအတွင်းရှိ တူးဖော်ပြီး ရှေးဟောင်းအဆောက်အအုံများကို Natural Landscape၊ Archaeology Landscape၊ Social Landscape တို့ဖြင့် ရသပြည့်ဝစွာတွဲဖက်ကြည့်ရှု လေ့လာနိုင်ခြင်းသည်လည်း ဗိဿနိုးမြို့ဟောင်းနှင့် ဗိဿနိုး ရှေးဟောင်းသုတေသနပြတိုက်တို့ ပေါင်းဖက်ဆက်နွှယ်ပြီး တစ်သားတည်းတည်ရှိနေခြင်းကြောင့်ပင်ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံသားဖြစ်တည်မှုနှင့် နိုင်ငံသားတို့ စုဆောင်း၊ ရှာဖွေ၊ ဖော်ထုတ်ရရှိသည့် နိုင်ငံ့ယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝကို ထင်ဟပ်ပေါ်လွင်စေသော ကိုယ်ပိုင်စရိုက်လက္ခဏာများ ဖြစ်နေသည်ကို ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ပြတိုက်များက သက်သေပြုဖော်ဆောင်နေပါသည်။

ထိုကဲ့သို့ ကိုယ်ပိုင်စရိုက်လက္ခဏာများဖြင့် သက်သေပြုဖော်ဆောင်နေသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများအနက် ဗိဿနိုးပျူမြို့ဟောင်းနှင့် ဗိဿနိုး ရှေးဟောင်းသုတေသနပြတိုက်သည်လည်း လာရောက်လေ့လာသင့်သော နေရာတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ရန်ကုန်မြို့တော်ဝန် မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒဂုံမြို့နယ် အလုံလမ်း (ပြည်လမ်းနှင့် တော်ဝင်လမ်းကြား) ကွန်ကရစ်လမ်းသား တိုးချဲ့ခြင်းနှင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် ထိန်ပင်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းနှင့် သီးပင်စားပင် စိုက်ခင်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများ စိုက်ပျိုးရန်နှင့် မြေလွတ်မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးပြုရန် မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် အမှိုက်ပုံမှထွက်ရှိသည့် စွန့်ပစ်အမှိုက်များမှ တစ်နေ့လျှင် ငါးတန်ကျ မြေဆွေးထုတ်လုပ်သည့် လုပ်ငန်းခွင်နှင့် ထိန်ပင်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဘဲမွေးမြူရေးခြံတို့သို့ ရောက်ရှိကြပြီး အရည်အသွေးပြည့်မီသည့် မြေဆွေးများ ထုတ်လုပ်နိုင်ရေး၊ ပြင်ပသို့ ဖြန့်ချိပါကအချိန်အတွယ်ပြည့်မီမှန်ကန်ရေးဆောင်ရွက်ရန်နှင့် ဘဲကောင်ရေ တိုးချဲ့မွေးမြူရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေဆောင်မြို့၌ ဌာနဆိုင်ရာများစုပေါင်း၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ငွေဆောင် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့တွင် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူးဦးသိန်းဇော်နှင့် မြို့အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ သဇင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ IME Group မှအဖွဲ့များ ပူးပေါင်း၍ ငွေဆောင်မြို့ သဇင်ကျေးရွာအုပ်စုရှိ ၁၉၈၈(ပြင်)သဇင်ကွင်း ဦးပိုင်အမှတ် (၁၂၅)၌ မန်ကျည်းရှားပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြိတ်ခရိုင်အတွင်း မျိုးစပါး၊ ကွန်ပေါင်းဓာတ်မြေသြဇာများနှင့် ကော်ဖီ၊ ကိုကိုး စိုက်ပျိုးမည့်သူများအတွက် ပျိုးပင်များထောက်ပံ့ပေးအပ်



မြိတ် ဇူလိုင် ၂၂

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည့် မြိတ်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာများရှိ မိုးစပါးစံပြကွက် စိုက်ခင်းများအတွက် မျိုးစပါး၊ ကွန်ပေါင်းဓာတ်မြေသြဇာများနှင့် ကော်ဖီ၊ ကိုကိုး စိုက်ပျိုးမည့်သူများအတွက် ပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ခဲ့သည်။

ထောက်ပံ့ပေးအပ်ပွဲတွင် ဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြိတ်ခရိုင်အတွင်းရှိ မိုးစပါးစံပြကွက်များအတွက် အကျိုးဆောင်တောင်သူများအား မျိုးစပါးအိတ် ၁၂၀၀၊ ကွန်ပေါင်းဓာတ်မြေသြဇာအိတ် ၆၀၀ နှင့် ကော်ဖီ၊ ကိုကိုး စိုက်ပျိုးမည့် ပုဂ္ဂလိကခြံရှင်များအား ကော်ဖီပင် ၃၀၄၀၀၊ ကိုကိုး ပင် ၂၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးစပါး ၂၃၇၄၇ ဧက၊ နွေစပါး ၇၉၈၉ ဧက၊ စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်း ၁၆၆၃၀၉၆၇ တင်း ထွက်ရှိခဲ့ကာ ဒေသဝမ်းစာဖူလုံမှုအနေဖြင့် ၇၃ ဒသမ ၁၇ ရာခိုင်နှုန်းရရှိခဲ့၍ ယခင်နှစ်ထက် ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ် မိုးစပါးရာသီတွင် မိုးစပါးစိုက်ပျိုးရန် ၂၃၇၄၇ ဧကလျာထားပြီး ယခုအထိ ၉၂၉၈၂ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိတ်မြို့ မြိတ်တောင်ကျေးရွာတွင် ဒေသတွင်းစားသုံးနိုင်ရန်အတွက် မွေးမြူဆောင်ရွက်လျက်ရှိသည့် ထူးထူးတိုး အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်၏ ဥစားကြက်မွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိခဲ့ကြရာ ကြက်မွေးမြူရေးခြံအတွင်း ဥစားကြက်များ မွေးမြူဆောင်ရွက်နေမှုကို ထူးထူးတိုးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ကျော်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မွေးမြူရေးခြံမှ ထွက်ရှိလာသည့် ကြက်ဥများ ဖြန့်ဖြူးရောင်းချရန် ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြသည်။ မွေးမြူရေးခြံအတွင်း ဥစားကြက်အကောင်ရေ ၈၀၀၀၀ ကို ဝန်ထမ်းအင်အား ၉၀ ကျော်ဖြင့် ကြက်ခြံ၊ ငါးခြံ မွေးမြူဆောင်ရွက်လျက်ရှိပြီး မွေးမြူရေးခြံများမှ တစ်နေ့လျှင်ကြက်ဥ ၆၅၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဇာတ်သဘင်ပွဲခင်းကို နှစ်သက်မြတ်နိုးသည့် ပရိသတ်များအတွက် ရန်ကုန်မြို့ ရွှေထွဋ်တင်၌ ပွဲခင်းအစီအစဉ် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၂

ဇာတ်သဘင်ကို နှစ်သက်မြတ်နိုးကြသည့် ပရိသတ်များအတွက် ပတ္တမြားကေခိုင်ကစီစဉ်ကာ SKY NET ရုပ်သံ CHANNEL 9 နှင့် MC ENTERTAINMENT တို့ပူးပေါင်း၍ “ပွဲခင်း” အမည်ဖြင့်ပြုလုပ်မည့် အစီ အစဉ်ကို ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်း ရွှေထွဋ်တင်ရှိ Hexagon Complex ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ပွဲခင်းပြုလုပ်မည့်အစီအစဉ်များနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းက ရွှေထွဋ်တင်၌ပြုလုပ်သည်။

အဆိုပါ ပွဲခင်းအစီအစဉ်ကိုဩဂုတ် ၄ ရက်၊ ၅ ရက်မှစတင်ကာ အပတ်စဉ်သောကြာနှင့် စနေနေ့များတွင် ကျင်းပသွားရန် လတ်တလော လေးပတ်စာစီစဉ်ထားရှိပြီး အောင်မြင်မှုရရှိပါက ပွင့်လင်းရာသီရောက်သည်အထိ ဆက်လက်ဖျော်ဖြေသွားမည်ဖြစ် ကြောင်း၊ ဇာတ်ပွဲသဘင်ကို လွမ်းဆွတ်နေသည့်ပရိသတ်များအတွက် ပြန်လည်ဖော်ထုတ်ကျင်းပခြင်းဖြစ်ပြီး ပွဲဈေးတန်းလျှောက်ရသည့် အရသာ၊ ဇာတ်ပွဲသဘင်ကြည့်ရှုရသည့်အရသာများ ပြန်လည်ခံစားနိုင်ရန်ရည်ရွယ်ကြောင်း၊ ပွဲခင်းအစီအစဉ်တွင် ပွဲဈေးတန်း၊ လူကြီးလူငယ်မရွေး ပါဝင်နိုင်သည့် အပျော်တမ်းကစားနည်းမျိုးစုံ၊ ဇာတ်သဘင်ပွဲ၊ ဆပ်ကပ်ပွဲ၊ မျက်လှည့်နှင့် တခြားသောပွဲလမ်းသဘင် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

ဖျော်ဖြေရေးအစီအစဉ်ကို ည ၇ နာရီမှ ၁၀ နာရီထိ မိုးလုံလေလုံခန်းမတွင် ပြုလုပ်မည်ဖြစ်ပြီး ပွဲဈေးတန်းအား အပြင်ဘက်တွင် အမိုးများဖြင့် ညနေ ၅ နာရီမှ စတင်ရောင်းချနိုင်ရေးစီစဉ်ထားရှိကာ ဆိုင်ခန်း ၆၀ ခန့်ပါရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်း – လင်းရာမ၊ ဓာတ်ပုံ – ကိုထက်

# မဟောသီအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မော်လမြိုင် ဇူလိုင် ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မဟောသီအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက အသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေကေခိုင်က အဖွင့်အမှာစကားပြောကြားသည်။

## အတည်ပြု

ဆက်လက်၍ အမှုဆောင်အဖွဲ့ လုပ်ငန်းအစီရင်ခံစာများ၊ ရှေ့လုပ်ငန်းစဉ်များ၊ အမြတ်ခွဲဝေမှုစာရင်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအစီရင်ခံစာများ၊ အသင်းစာရင်းစစ်အစီရင်ခံစာများအား အသင်းအတွင်းရေးမှူး၊ အမှုဆောင်နှင့် အသင်းတာဝန်ရှိသူများက ဖတ်ကြားရှင်းလင်းခဲ့ပြီး သဘောတူညီချက်ရယူ၍ အတည်ပြုကြောင်း ဖတ်ကြားခဲ့သည်။

ထို့နောက် မဟောသီအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးငွေစုငွေချေးသမဝါယမအသင်းသားများထံသို့ အစုငွေအပေါ် ချီးမြှင့်ငွေကျပ် ၂၆၄၈၄၀၀ နှင့် စုဆောင်းငွေအပေါ်အတိုးငွေ ၅၃၈၀၁၁၃ ကျပ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ



နေပြည်တော် ဇူလိုင် ၂၂

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

## ရောင်းချပေးလျက်ရှိ

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား/ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၂၂

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှ တစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင်ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

# ကျိုက်လတ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ပြုလုပ်



ကျိုက်လတ် ဇူလိုင် ၂၂

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့၌ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၇၅) စက်မှုလယ်ယာ စခန်းမှ ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့ နံနက်က လှည်းဆိပ်ကျေးရွာ တောင်သူ ဦးအေးသန်း၏ ကွင်းအမှတ်(၉၉-ခ) ဦးပိုင်အမှတ် (၂၀/၁)ရှိလယ်မြေပေါ်၌ ကျင်းပခဲ့သည်။

သရုပ်ပြပွဲတွင် စက်မှုလယ်ယာ ဦးစီးဌာန ဖျာပုံခရိုင်ဦးစီးဌာနမှူး ဦးဇော်ထွန်းက "ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းအားဖြင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှု နည်းပါးခြင်း၊ ပျိုးထောင်ဧရိယာ အနည်းငယ်သာလိုအပ်ခြင်း၊ သန်မာ၍ ရောဂါကင်းသော ပျိုးပင်များရရှိစေခြင်း၊ ကောက်စိုက်ရာတွင် လုပ်သားအင်အားအသုံးပြုမှုနည်းပါးခြင်းနှင့် သက်သောင့်သက်သာစိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်၍ ပိုမိုတိုးတက်ပြီးစီးခြင်း၊ လေဝင်လေထွက် ကောင်းခြင်း၊ ကောက်ပင်လှန်ရက် စောင့်ဆိုင်းရန်မလိုခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်းနှင့် ကောက်စိုက်စက် အသုံးပြုစိုက်ပျိုးထားသဖြင့် ရိတ်သိမ်းချိန်တွင် ရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များ အလွယ်တကူဝင်ရောက်ရိတ်သိမ်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း" တက်ရောက်လာသော တောင်သူများအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **သပြေထွန်း**

**＊ ကျောဖုံးမှ**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် လိုအပ်သည့် သံဃာတော်များကို ဆေးကုသရေးအဖွဲ့၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**❍ ရွှေ့ဖုံးမှ**

အတန်းချစိုက်ပျိုးခြင်းနည်းများဖြင့် စိုက်ပျိုးကြပြီး သီးနှံများအောင်မြင်ဖြစ်ထွန်းရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တောင်သူများနှင့် ပူးပေါင်းပြီး နည်းပညာများ စနစ်တကျ ကူညီပေးလျက်ရှိကြောင်း၊ အတန်းချစနစ်ဖြင့် စိုက်ပျိုးမည်ဆိုပါက အပင်ကြား၊ တန်းကြား ၁၅ လက်မခန့်အကွာ စိုက်ပျိုးပါက အပင်ဖြစ်ထွန်းမှုနှင့် အထွက်နှုန်းကောင်းမွန်ကြောင်း၊ နေကြာတစ်ဧက စိုက်ပျိုးပါက မြေအမျိုးအစားနှင့် ရာသီဥတုအပေါ်မူတည်ပြီး တစ်ဧက ၁၅ တင်းမှ ၂၅ တင်းကျော် ထွက်ရှိကြောင်း မိုးနေကြာစိုက်တောင်သူများထံမှ သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေး ဒီပလိုမာပထမနှစ်သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ငါးလုပ်ငန်းသိပ္ပံတွင် တက်ရောက်လိုသူများသည် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းသို့ တက်ရောက်ခွင့်ရရှိသူသည်(၃)နှစ်သင်တန်း တက်ရောက်ရမည်ဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်း အောင်မြင်ပါက ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာအောင်လက်မှတ် (Diploma in Fisheries and Aquaculture) ပေးအပ်မည်ဖြစ်ပါသည်။ ဒီပလိုမာသင်တန်း အောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီသူများကို ရန်ကုန်တက္ကသိုလ်တွင် B.Sc( Fisheries and Aquaculture) သင်တန်းတက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်ရက်(၃၀-၉-၂၀၂၃)ရက်နေ့တွင် အသက်(၂၂)နှစ်ထက် မကြီးသူ ဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူအောက်ဖော်ပြပါအထောက်အထားများပူးတွဲတင်ပြရမည် -

(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီးထောက်ခံချက် (မူရင်း)

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်း(မိတ္တူ) (ကျောင်းအပ်နှံသည့်အချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) မွေးသက္ကရာဇ်မှန်ကန်ကြောင်းထောက်ခံချက် (သက်ဆိုင်ရာကျောင်းအုပ်ကြီးထောက်ခံချက်)

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းနှင့် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)

(င) လျှောက်ထားသူနှင့်မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား (မိတ္တူ)

(စ) လိုင်စင်ဓာတ်ပုံ (အောက်ခံအပြာရောင်ဖြင့်) (၅)ပုံ (၁.၁ x ၁.၃) လက်မ

၅။ လျှောက်လွှာများကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်/ ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး) သို့ (၃၀-၉-၂၀၂၃) ရက်နေ့ထက်နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ တက်ရောက်ခွင့်ရရှိသူအမည်စာရင်းနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား တိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)မှ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၁၈၄၇၂၊ ၀၆၇-၄၁၈၄၇၃၊ ၀၉-၇၉၁၃၄၄၇၇၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝင်ခွင့်လျှောက်လွှာ(ပုံစံ)**

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)**
**ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာဝင်ခွင့်လျှောက်လွှာ**

**ဓာတ်ပုံ**

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | | လူမျိုး/ဘာသာ | အလုပ်အကိုင် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | | | |
| | အင်္ဂလိပ် | | | | |
| ဖခင် | | | | | |
| မိခင် | | | | | |
| မိဘများကွယ်လွန်ပြီးဖြစ်ပါက အုပ်ထိန်းသူ | | | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် --------------ခုနှစ်၊ -------------- လ၊ -------------- ရက်။

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်ခုံအမှတ်-----------၊ စာစစ်ဌာန-----------၊ တိုင်းဒေသကြီး/ပြည်နယ် ------------။

၄။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ -------------- ဖုန်း -------------------။

ရက်စွဲ ---------------------------- (လျှောက်ထားသူလက်မှတ်)

# ပုသိမ်ကြီးမြို့နယ်၌ သွင်းအားစုမြေသြဇာများပေးအပ်

ပုသိမ်ကြီး ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများအား သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် သွင်းအားစုမြေသြဇာ ပေးအပ်ပွဲကို ယမန်နေ့က ရွာသစ်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပုသိမ်ကြီးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်မိုးနွယ်နှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းလွင်ဦးတို့က သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်သည့် ကျေးရွာ လေးရွာ၊ သမဝါယမအသင်းသား ၁၃၂ ဦး ပိုင်ဆိုင်သည့် မိုးစပါးစိုက်ဧက ၆၁၂ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများဖြစ်သည့် စမ်းဝတီ သဘာဝမြေသြဇာ၊ ကွန်ပေါင်းနှင့် ပုလဲမြေသြဇာတို့ကို တောင်သူများ စိတ်ကြိုက်ဝယ်ယူပြီး လက်ဝယ်အရောက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# တာချီလိတ်မြို့၌ ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်

တာချီလိတ် ဇူလိုင် ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန တာချီလိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးပွားရေး ဆိုင်ကယ်ပြင်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက တာချီလိတ်မြို့နယ် တောင်သုံးလုံး(အလယ်)ကျေးရွာတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုသက်က သင်တန်းဖွင့်လှစ်သင်ကြားပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၁၅ ဦးကို ပထမအကြိမ် အခြေခံသင်တန်းကာလ ၃၀ ရက်နှင့် ဒုတိယအကြိမ် အဆင့်မြင့်သင်တန်း ကာလ ၁၅ ရက် စုစုပေါင်း ၄၅ ရက် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး ၎င်းသင်တန်းသားများထဲမှ ထူးချွန်ပြီး အမှန်တကယ် လုပ်ငန်းထူထောင်လုပ်ကိုင်လိုသည့် သင်တန်းသား ငါးဦးအား လုပ်ငန်းထူထောင်နိုင်ရေးအတွက် ငွေကျပ် ၁၂ သိန်းနှင့်ညီမျှသော ဆိုင်ကယ်ပြင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည့်ရင်းနှီးချေးငွေရရှိရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် မိသားစုဝင်ငွေတိုးရေးစီမံကိန်းကို မြန်မာနိုင်ငံတစ်ဝန်း ကျေးရွာ ၁၅၅ ရွာနှင့် ရှမ်းပြည်နယ်တွင် ၃၂ ရွာကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

# စိုက်ပျိုးပြီးသစ်ပင်ရေရှည်တည်တံ့စေဖို့ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်စို့

အောင်ထက်လင်း (ကြိမ်ချောင်း)



ယခုနှစ်နွေရာသီကာလတွင် ပူပြင်းခြောက်သွေ့မှုကို တစ်နိုင်ငံလုံး သိသိသာသာ ခံစားခဲ့ကြရပြီး ဒေသအချို့တွင်လည်း ရေရှားပါးမှုများ၊ ရေတွင်း ရေကန် ခန်းခြောက်မှုများဖြင့် ကြုံတွေ့ခဲ့ကြရသည်။ ဤဖြစ်စဉ်၏ အဓိကအကြောင်းရင်းမှာ သစ်ပင်သစ်တောများ ပြုန်းတီးခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့် လတ်တလောကာလသည် မုတ်သုံဝင်ရောက်ပြီး ဒေသအနှံ့အပြားတွင်လည်း မိုးများရွာသွန်းလျက်ရှိသဖြင့် သစ်ပင်စိုက်ရန် အကောင်းဆုံးအချိန်ဖြစ်သည်။ သစ်တောသစ်ပင်များသည် လူသားများအပေါ် နည်းလမ်းမျိုးစုံဖြင့် အကျိုးပြုလျက်ရှိရာ အသက်မွေးဝမ်းကျောင်းမှုများကို ဖန်တီးပေးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများအတွက် ခိုလှုံမှုပေးခြင်း၊ သန့်စင်သောလေကို ရရှိစေခြင်းနှင့် ရာသီဥတုအပေါ် လွှမ်းမိုးနေခြင်းများမှာ သိသာထင်ရှားလှသည်။ ယနေ့ကာလတွင် သစ်ပင်များကို စနစ်တကျစိုက်ပျိုးခြင်း၊ စိုက်ပြီးသည့်အပင်များ ရှင်သန်ဖွံ့ဖြိုးရန် ကြိုးပမ်းခြင်းတို့ကို အလေးထား လုပ်ဆောင်နိုင်ခြင်းမရှိပါက ရေရှည်တွင် သဘာဝဘေးအန္တရာယ်များ၏ ဒဏ်ခတ်မှုကို မလွဲမသွေ ကြုံကြရမည်သာဖြစ်သည်။

### သစ်တောမြေဧက ရှစ်သန်းနီးပါးရှိ

ကမ္ဘာ့စားရေရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)၏ ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာက မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံစုစုပေါင်းဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း (နိုင်ငံကုန်းမြေဧရိယာ၏ ၄၃ ဒသမ ၇၁ ရာခိုင်နှုန်း)ဖြစ်ပြီး မြန်မာနိုင်ငံသည် နှစ်စဉ်အများဆုံး ကမ္ဘာ့သစ်တောပြုန်းတီးမှု ဧရိယာဖော်ပြသည့် နိုင်ငံစာရင်း၌ အဆင့်(၇)တွင်ရှိကြောင်း ဖော်ပြထားသည်။ မိုးရာသီတွင် ရေကြီးရေလျှံဖြစ်ပေါ်ခြင်း၊ နွေရာသီတွင် အပူချိန်မြင့်မားမှုကြောင့် သောက်သုံးရေရှားပါးခြင်း၊ ဆောင်းရာသီကာလ တိုတောင်းမှုဒဏ်များကို နှစ်အနည်းငယ်အတွင်း ပြင်းပြင်းထန်ထန် ခံစားလာကြရပြီး လူသားတို့၏ ပယောဂကြောင့် သစ်ပင်သစ်တောများပြုန်းတီးခြင်းမှာ အဓိကအချက်ဖြစ်သည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သစ်တောပြုန်းတီးမှု အများဆုံးဖြစ်ပေါ်ခဲ့သည့် ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၆ ခုနှစ် ဧပြီလအထိ ငါးနှစ်တာကာလအတွင်း သစ်တောမြေဧက ရှစ်သန်းနီးပါးရှိသော်လည်း ပြန်လည်စိုက်ပျိုးနိုင်သည့်ပမာဏမှာ ၎င်းပမာဏ၏ထက်ဝက်ခန့်ပင်မရှိပေ။

သစ်တောဖုံးလွှမ်းမှုပြန်လည်ကောင်းမွန်လာစေရေးအတွက် ၂၀၁၄ ခုနှစ်တွင် ပြည်ပသို့သစ်အလုံးလိုက် တင်ပို့မှုရပ်ဆိုင်းခြင်း၊ ၂၀၁၆ ခုနှစ်မှစ၍ ပဲခူးရိုးမတွင် သစ်ထုတ်လုပ်မှု ၁၀ နှစ်ရပ်ဆိုင်းခြင်းများ လုပ်ဆောင်ခဲ့ပါသည်။ ထို့ပြင် စီးပွားဖြစ် တရားမဝင်သစ်ခုတ်မှု၊ သယံဇာတတူးဖော်မှု၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုနှင့် ကျေးလက်နေပြည်သူများအတွက် ထင်းလောင်စာလိုအပ်မှုတို့က သစ်ပင်သစ်တောများ ပြုန်းတီးနေဆဲဖြစ်ကာ အဆိုပါကိစ္စရပ်များအတွက် ကြိုတင်ကာကွယ်ရန်မှာ သစ်ပင်သစ်တော ခုတ်ထွင်မှုများကို ကြပ်မတ်ထိန်းသိမ်းခြင်း၊ စိုက်ကွက်စိုက်ခင်းများ အစားထိုးခြင်းနှင့် နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ရှိစွာဖြင့် သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်း လက်ရှိဖြစ်ပေါ်နေသော မတည်ငြိမ်မှုများအပေါ် အခွင့်ကောင်းယူကာ မြန်မာ့သစ်တောများအတွင်း တရားမဝင်သစ်ခိုးထုတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေကြောင်း၊ မြန်မာနိုင်ငံ မြောက်ဖျားပိုင်းရှိ ခေါင်လန်ဖူးဒေသ၊ ဗန်းမော်ခရိုင်အတွင်း သစ်တောကြိုးဝိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပဘုရားဧရိယာအတွင်းဖြစ်ကြောင်း သတင်းဖော်ပြချက်များအရ သိရသည်။

### သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း

မြန်မာနိုင်ငံသည် ၁၉၈၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ကာလများအတွင်း သစ်တောသယံဇာတများကို အလွန်အကျွံထုတ်ယူခဲ့ကြသဖြင့် သစ်တောပြုန်းတီးမှု များစွာဖြစ်ပေါ်ခဲ့သည်။ ကုလသမဂ္ဂ စားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၀၀ ပြည့်နှစ် သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်းရှိခဲ့ကာ ၂၀၁၀ ပြည့်နှစ် အစီရင်ခံစာအရ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကုလသမဂ္ဂအဖွဲ့၏ ဆန်းစစ်လေ့လာတွေ့ရှိမှုအရ လွန်ခဲ့သည့် နှစ် ၂၀ ကျော် နောက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းသည် တဖြည်းဖြည်းနှင့် သိသိသာသာ လျော့နည်းလာကာ သစ်တောများ ပိုမိုပျက်စီးလာသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၏ သစ်တောသစ်ပင်များ လျော့နည်းလာရခြင်းမှာ လူတို့၏ မဆင်မခြင် တရားမဝင်ခုတ်လှဲခြင်းများကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ ထုံးနှင့် မီးသွေးဖုတ်ခြင်း၊ အိမ်သုံးထင်းခုတ်ခြင်း၊ တိရစ္ဆာန်ထိန်းကျောင်းခြင်း စသည့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းများကြောင့် သစ်တောများ တဖြည်းဖြည်း ပြုန်းတီးလာခြင်းဖြစ်သည်။

### သစ်တောများပြုန်းတီးလာသည်ကို ကမ္ဘာတစ်ဝန်းတွင် မြင်တွေ့နေရ

လူတို့အကျိုးစီးပွားအတွက် သစ်တောများ တစ်စတစ်စ ပြုန်းတီးလာသည်ကို ကမ္ဘာတစ်ဝန်းတွင် မြင်တွေ့နေရပါသည်။ သစ်တောများပြုန်းတီးလာသောကြောင့် ရာသီဥတုဆိုးရွားစွာပြောင်းလဲလာခြင်း၊ မြစ်၊ ချောင်း၊ ကန်များ တိမ်ကောပျက်စီးညစ်ညမ်းလာပြီး ရေချိုများ ခန်းခြောက်လာခြင်း၊ ကမ်းခြေများနှင့် ပင်လယ်သမုဒ္ဒရာများ ပျက်စီးယိုယွင်းလာခြင်း၊ တောင်ပေါ်ဒေသနှင့် ကုန်းမြင့်များမှမြေဆီလွှာများ ပြုန်းတီးပျက်စီးလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ဆုံးလာခြင်း စသည့် ဂေဟစနစ်များ ပျက်စီးယိုယွင်းမှုများနှင့်အတူ လူသားများ အသက်ရှင်ရပ်တည်နေထိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများနှင့် ထိခိုက်မှုများ စသည့်အကျိုးဆက်များ ဖြစ်ပေါ်စေခဲ့သည်။

လူဦးရေတိုးပွားလာခြင်းကြောင့် မြို့ပြဧရိယာများ ကျယ်ပြန့်လာခြင်း၊ လူနေထူထပ်လာခြင်းတို့က သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ ရေနှင့် စွမ်းအင်သုံးစွဲမှု ပိုမိုများပြားလာခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုအခြေအနေဆိုးရွားလာခြင်းနှင့် လူများ၊ ယာဉ်ယန္တရားများ၊ တိုက်တာအဆောက်အအုံများကြောင့် မြို့ပြဒေသ အပူချိန်မြင့်တက်မှုများလည်း ဖြစ်ပေါ်လာရသည်။ ယင်းကို ကာကွယ်နိုင်ရန်အတွက် လမ်းများ၏ ဝဲ၊ ယာတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ ဥယျာဉ်များ၊ ပန်းခြံများ စိုက်ပျိုးတည်ထောင်ခြင်း၊ စိမ်းလန်းစိုပြည်သာယာလှပရေး၊ အပူချိန်လျော့ကျရေး၊ သဘာဝမြေအောက်ရေ ပြန်လည်ဖြည့်တင်းပေးနိုင်ရေးတို့အတွက် မြို့ပြသစ်တောများကို စိုက်ပျိုးထိန်းသိမ်းကြရသည်။

ပြီးခဲ့သည့်နွေရာသီ နေ့အပူချိန်များ မြင့်တက်ခဲ့စဉ်က ရန်ကုန်မြို့လယ်ဒေသများတွင် နေထိုင်ကြသူများအနက် အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်သူများရှိခဲ့ရာ မြို့ပြအပူချိန်မြင့်တက်လာမှုအန္တရာယ်ကို သတိပြုဖွယ်ပင်ဖြစ်သည်။ မြို့လယ်ဒေသများသည် ကွန်ကရစ်တိုက်တာအဆောက်အအုံများ၊ ပလက်ဖောင်းများ၊ လမ်းများဖြင့် ဖုံးလွှမ်းနေခြင်းကြောင့် ရောင်ခြည်ဖြာထွက်မှုမြင့်မားပြီး အစိုဓာတ်ကင်းမဲ့၍ ခြောက်သွေ့ခြင်းနှင့် အပူချိန်မြင့်မားကာ မြို့ပြဒေသနေထိုင်သူများကို ထိခိုက်မှု ဖြစ်စေသည်။ ထို့ကြောင့် မြို့ပြသစ်ပင်များ အများအပြားစိုက်ပျိုးထူထောင်ခြင်းအားဖြင့် အရိပ်နှင့် အစိုဓာတ်ကိုရရှိစေပြီး အပူချိန်ကို ထိန်းထားနိုင်သည်။ မြို့ပြသစ်တောများ စိုက်ပျိုးထိန်းသိမ်းထားခြင်းသည် လေထုထဲရှိ အမှုန်အမွှားများ၊ ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့သော ဓာတ်ငွေ့များကို စုပ်ယူထားနိုင်ပြီး လေကိုအေးမြစေသည့်အတွက် မြို့ကို အအေးဓာတ်ပေးသည့် စနစ်တစ်ခုပင်ဖြစ်သည်။

### အပင်ပေါင်း သန်း ၂၀ ခန့်စိုက်ပျိုးရန် စီမံဆောင်ရွက်ထား

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြကာ အများအားဖြင့် နေ့စဉ်နေထိုင်မှုဘဝ၌ ထင်းမီးသွေးကို အသုံးပြုကြသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကျေးရွာတစ်ရွာလျှင် အနည်းဆုံး ထင်းစိုက်ခင်းနှစ်ဧကစိုက်ပျိုးတည်ထောင်ခြင်း၊ သစ်ထုတ်ခုတ်လှဲခြင်းကို ရပ်ဆိုင်းထားခြင်း စသည့်သစ်တောထိန်းသိမ်းရေးတို့ကို ဆောင်ရွက်ခဲ့သည်။ တစ်ဖက်တွင် ယမန်နှစ်မိုးရာသီက သစ်ပင်သန်း၂၀ ကျော် စိုက်ပျိုးခဲ့ပြီး ယခုမိုးရာသီတွင် အပင်ပေါင်း သန်း ၂၀ ခန့် စိုက်ပျိုးရန် စီမံဆောင်ရွက်ထားသည်။

ထို့ကြောင့် မြေပေါ်မြေအောက် သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲမှုများကိုလျှော့ချပြီး တိုင်းပြည်၏ အရန်သယံဇာတအဖြစ် ထိန်းသိမ်းနိုင်ရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျှော့ချရေးနှင့် ပြန်လည်မျှတလာစေရေး၊ နိုင်ငံပိုင်သစ်တောများ ရေရှည်တည်တံ့စေရေး၊ ကျေးရွာပိုင်ထင်းစိုက်ခင်းများတည်ထောင်ရေး၊ ပင်လယ်ကမ်းခြေဒေသများရှိ ဒီရေတောများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေး စသည့်လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံအနှံ့အပြားတွင်လည်း သစ်ပင်စိုက်ပျိုးရေးပွဲတော်များပြုလုပ်ကြကာ စိမ်းလန်းသာယာလှပသည့် မြန်မာ့ရေမြေတောတောင်များ ပြန်လည်ဖြစ်ပေါ်လာအောင် ဖန်တီးကြရမည်ဖြစ်သည်။

မြို့ပြသစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းမှတစ်ဆင့် ပြည်သူလူထု စိတ်ပျော်ရွှင်ကျန်းမာရေးအတွက် စိမ်းလန်းစိုပြည်သည့် အပန်းဖြေနားနေစရာနေရာများ တိုးပွားလာစေခြင်း၊ မြို့ပြ၏ ရေသံသရာစက်ဝန်းကို ထိန်းညှိပေးနိုင်ပြီး မြေအောက်ရေထိန်းသိမ်းပေးခြင်းဖြင့် ကောင်းမွန်သည့်သောက်သုံးရေရရှိစေနိုင်ခြင်း၊ ထို့ပြင် ခရီးသွားများနှင့် စီးပွားရေးလုပ်ငန်းများအတွက် စိတ်ချမ်းမြေ့စရာပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း၊ စာမျက်နှာ ၁၁ သို့ ✤

**"မြို့ပြသစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းမှတစ်ဆင့် ပြည်သူလူထု စိတ်ပျော်ရွှင်ကျန်းမာရေးအတွက် စိမ်းလန်းစိုပြည်သည့် အပန်းဖြေနားနေစရာနေရာများ တိုးပွားလာစေခြင်း၊ မြို့ပြ၏ ရေသံသရာစက်ဝန်းကို ထိန်းညှိပေးနိုင်ပြီး မြေအောက်ရေထိန်းသိမ်းပေးခြင်းဖြင့် ကောင်းမွန်သည့်သောက်သုံးရေရရှိစေနိုင်ခြင်း၊ ထို့ပြင် ခရီးသွားများနှင့် စီးပွားရေးလုပ်ငန်းများအတွက် စိတ်ချမ်းမြေ့စရာပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များလျှော့ချပေးနိုင်ခြင်း၊ လေထုညစ်ညမ်းမှုမှကာကွယ်ပေးနိုင်ခြင်း၊ မြေဆီလွှာကောင်းမွန်စေပြီး မြေယာရှုခင်းများ ထိရောက်စွာထိန်းသိမ်းနိုင်ခြင်းကြောင့် ကမ္ဘာ့သက်ရှိများတည်မြဲရေးကို အထောက်အကူပြုခြင်း စသည့် အကျိုးကျေးဇူးများရရှိစေနိုင်မည်"**

## ကုန်သွယ်/စီးပွား

### တမူးမြို့နယ်စပ်တွင်ဖြစ်ပေါ်နေသော ကုန်သွယ်မှုနှင့်ကုန်စျေးနှုန်းအခြေအနေ

နေပြည်တော် ဇူလိုင် ၂၂

တမူးကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၃ ရက်မှ ၁၉ ရက်ထိ ကုန်သွယ်မှုအခြေအနေမှာ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ဇူလိုင် ၁၉ ရက် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာ ၂၉၈၁ ကျပ်၊ တစ်ဒေါ်လာ ၉၃ ဒသမ ၁၅ ရူပီး၊ တစ်ရူပီး ၃၂ ကျပ်၊ ၁၀၀ ကျပ်(၃ ဒသမ ၁၃ ရူပီး) ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ငါးသေတ္တာ၊ အချိုရည်တို့၏ သယ်ယူစရိတ်မှာ ၁၂ ဘီးတစ်စီးလျှင် ၁၅ ဒသမ ၈ တန်ခန့် (ကုန်ပိဿာအနေဖြင့် ပိဿာ ၉၅၀၀ မှ ပိဿာ ၁၀၀၀၀ ထိ) သယ်ဆောင်နိုင်ပြီး သယ်ယူစရိတ်အနေဖြင့် ၁၂ ဘီးတစ်စီးလျှင်ကျပ် ၁၉၀၀၀၀၀ မှကျပ် ၂၁၈၅၀၀၀ ထိရှိသည်။ ဝေဖာ၊ ဖိနပ်၊ စောင်၊ ဆီးသီးထုပ်၊ ဖယောင်းပုဆိုး၊ ပလတ်စတစ်ပုံး၊ ပလတ်စတစ်အိတ်နှင့် မိတ်ကပ်တို့၏ သယ်ယူစရိတ်မှာ ၁၂ ဘီးတစ်စီးလျှင် ရှစ်တန်ခန့် (ကုန်ပိဿာအနေဖြင့် ပိဿာ ၄၈၀၀ မှပိဿာ၅၀၀၀ ထိသယ်ဆောင်နိုင်ပြီး သယ်ယူစရိတ်အနေဖြင့် ၁၂ ဘီးတစ်စီးလျှင် ကျပ် ၁၁၀၄၀၀၀ မှ ကျပ် ၁၁၅၀၀၀၀) ထိရှိသည်။ Nitrogen Fertilizer, Neem Coated Urea Fertilizer (Mukta) အမျိုးအစား ဓာတ်မြေဩဇာကို တစ်အိတ်လျှင် (၄၅/၅၀) Kg (အိတ်ရေ ၃၀၀ )ခန့်ဖြင့် ၁၂ ဘီးတစ်စီးလျှင် ၁၆ တန်ခန့်တင်ဆောင်နိုင်ပြီး ကလေး-မန္တလေး သယ်ယူစရိတ်အနေဖြင့် ကျပ် ၁၀ သိန်းမှ ကျပ် ၁၂ သိန်းရှိကြောင်း သိရသည်။ ဆံပင်အား တစ်အိတ်လျှင် ၃၀ Kg (အိတ်ရေ ၁၄၀ ခန့်)ဖြင့် ခြောက်ဘီးတစ်စီးလျှင် လေးတန်ခန့်တင်ဆောင်နိုင်ပြီးတမူး-မန္တလေး သယ်ယူစရိတ်အနေဖြင့် ကျပ် ၁၀ သိန်းခန့်ဖြင့် သယ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆင်းကုန် ကုန်ကျစ်/ကုန်ပွ ကားခ တစ်ပိဿာ စျေးနှုန်း၊ ကုန်စုံဖြစ်လျှင် ယာဉ်အမျိုးအစားအလိုက် ကားခစျေးနှုန်းမှာ ကုန်ကျစ်တစ်ပိဿာလျှင် ကျပ်၁၅၀ နှုန်းဖြင့် လည်းကောင်း၊ ကုန်ပွ တစ်ပိဿာလျှင် ကျပ် ၁၇၀ နှုန်းဖြင့်လည်းကောင်း၊ ၁၂ ဘီးယာဉ်အမျိုးအစား တစ်စီးလျှင် ကုန်ကျစ်ဖြစ်ပါက ၁၅ ဒသမ ၈ တန်ခန့်ဖြင့်လည်းကောင်း၊ ကုန်ပွဖြစ်ပါက ရှစ်တန်ခန့်ဖြင့်လည်းကောင်း၊ ၁၂ ဘီးယာဉ်အမျိုးအစားတစ်စီးလျှင် ကုန်ကျစ်ဖြစ်ပါက ပိဿာ ၉၅၀၀ မှ ပိဿာ ၁၀၀၀၀ ထိတင်ဆောင်နိုင်ပြီး တစ်တန်သယ်ယူစရိတ်မှာ ကျပ် ၉၀၀၀၀ ဖြင့် လည်းကောင်း၊ ကုန်ပွဖြစ်လျှင် ပိဿာ ၄၈၀၀ မှ ပိဿာ ၅၀၀၀ ထိ တင်ဆောင်နိုင်ပြီး တစ်တန်သယ်ယူစရိတ်မှာ ကျပ် ၁၀၂၀၀၀ ဖြင့် လည်းကောင်း သယ်ယူပို့ဆောင်လျက်ရှိကြောင်း သိရသည်။

ကုန်သွယ်မှုလမ်းကြောင်းအခြေအနေမှာ အိန္ဒိယနိုင်ငံဘက်မှ ၂၀၂၀ ပြည့်နှစ် မတ် ၁၀ ရက်မှစ၍ ယနေ့ထိ ဂိတ်ပိတ်ထားဆဲဖြစ်ကြောင်းနှင့် မဏိပူရ် ပြည်နယ်တွင် ကူကီး(ချင်း)လူမျိုးများနှင့် ကသည်း လူမျိုးများအကြား အဓိကရုဏ်းဖြစ်ပွားပြီး နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိကြောင်း သိရပြီး အတက်၊ အဆင်းကားများ ယာယီရပ်ဆိုင်းထားခြင်းကြောင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၈ ရက်မှစတင်၍ ကုန်သွယ်မှု လုပ်ငန်းများ ယာယီရပ်ဆိုင်းသွားခဲ့သည့်အတွက် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိကြောင်း စုံစမ်းသိရသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

### လွယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှုအခြေအနေ



လွယ်ဂျယ် ဇူလိုင် ၂၂

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်အတွင်း ကုန်သွယ်မှုဆောင်ရွက်ရာ၌ ပို့ကုန်ပိုင်းတွင် ဆန်ကွဲ ၁၅ ဒသမ ၀၀ တန် (တန်ဖိုး သုည ဒသမ ၀၀၆ ဒေါ်လာသန်း)၊ ပြောင်း ၆၆ ဒသမ ၀၀ တန် (တန်ဖိုး သုည ဒသမ ၀၁၉) ဒေါ်လာသန်း၊ ပဲတီစိမ်း ၃၃ ဒသမ ၀၀ တန် (တန်ဖိုး သုည ဒသမ ၀၂၃ ဒေါ်လာသန်း)၊ တစ်သျှူးငှက်ပျော ၁၆ ဒသမ ၀၀ တန် (တန်ဖိုး သုည ဒသမ ၀၀၅ ဒေါ်လာသန်း)၊ Lead Carbonate ၇၀ ဒသမ ၀၀ တန် (တန်ဖိုး သုည ဒသမ ၀၂၃ ဒေါ်လာသန်း) တင်ပို့နိုင်ခဲ့သည်။

ပို့ကုန် ပစ္စည်းစျေးနှုန်းများအနေဖြင့် ဆန်တစ်တန်လျှင် ၄၆၉ ဒေါ်လာ၊ ဆန်ကွဲ တစ်တန်လျှင် ၄၀၈ ဒေါ်လာ၊ တစ်သျှူးငှက်ပျောတစ်တန်လျှင် ၃၃၄ ဒေါ်လာ၊ ပြောင်းတစ်တန်လျှင် ဒေါ်လာ ၃၁၀ နှင့် ပဲတီစိမ်းတစ်တန်လျှင် ၇၀၀ ဒေါ်လာ ရှိ၍ သယ်ယူပို့ဆောင်ခမှာ ဗန်းမော်မှ လွယ်ဂျယ်သို့ ပို့ကုန်တစ်ပိဿာလျှင် ၇၂ ကျပ်ရှိကြောင်း သိရသည်။

ယခုအပတ်အတွင်း သွင်းကုန်ပိုင်းအနေဖြင့် ဓာတ်မြေဩဇာ ၁၈၉ ဒသမ ၀၀ တန် (တန်ဖိုး သုည ဒသမ ၀၇၃ ဒေါ်လာသန်း)၊ ထွန်စက် ၂၀ U (တန်ဖိုး သုည ဒသမ ၀၈၀ ဒေါ်လာသန်း)၊ စက္ကူလိပ် ခုနစ်တန်(တန်ဖိုး သုည ဒသမ ၀၀၂ ဒေါ်လာသန်း)၊ ပိတ်လိပ် ၁၄ ဒသမ ၂၀ တန် (တန်ဖိုး သုည ဒသမ ၀၁၀ ဒေါ်လာသန်း)၊ ပီနံအိတ် ၁၃ တန် (တန်ဖိုး သုည ဒသမ ၀၁၀ ဒေါ်လာသန်း)၊ ချည် ၃၁ ဒသမ ၂၀ တန်(တန်ဖိုး သုည ဒသမ ၀၂၁ဒေါ်လာသန်း)၊ ရိတ်သိမ်းခြွေလှေ့စက် နှစ် U (တန်ဖိုး သုည ဒသမ ၀၂၁ ဒေါ်လာသန်း)၊ ကုန်စုံ ၂၇ ဒသမ ၂၅ တန် (တန်ဖိုး သုည ဒသမ ၀၂၆ ဒေါ်လာသန်း) အများဆုံး တင်သွင်းနိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းစျေးနှုန်းများအနေဖြင့် ဓာတ်မြေဩဇာ (Organic Fertilizer) တစ်တန်လျှင် ဒေါ်လာ ၂၅၀ ၊ ဓာတ်မြေဩဇာ (Compound Fertilizer) တစ်တန်လျှင် ၃၉၈ ဒေါ်လာ၊ ထွန်စက်တစ်စီးလျှင် ဒေါ်လာ ၄၀၀၀ ၊ ပီနံအိတ်တစ်တန်လျှင် ၇၉၇ ဒေါ်လာ၊ ရိတ်သိမ်းခြွေလှေ့စက်တစ်စီးလျှင် ဒေါ်လာ ၁၀၄၀၀ ရှိ၍ လွယ်ဂျယ်မှဗန်းမော်သို့ သယ်ယူပို့ဆောင်ခမှာ ၁၂ ဘီးယာဉ်တစ်စီးလျှင် ကုန် ကျစ် ကျပ် ၈၀၀၀၀၀ ၊ ကုန်ပွ ကျပ် ၅၀၀၀၀၀ နှင့် ကုန်စုံတစ်စီးလျှင် ကျပ် ၆၅၀၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

ကုန်သွယ်မှု လမ်းကြောင်းအနေဖြင့် ရွှေဘို၊ စစ်ကိုင်းနှင့် မန္တလေးဒေသထွက် ပို့ကုန်ပစ္စည်းများကို မန္တလေး - လက်ပံလှ - ဗန်းမော် - မိုးမောက် (ကျောက်စခန်း) - စိန်လုံ - လွယ်ဂျယ်လမ်းကြောင်း၊ ဗန်းမော်ဒေသထွက် ပို့ကုန်ပစ္စည်းများကို ဗန်းမော် - မိုးမောက် (ကျောက်စခန်း) - စိန်လုံ - လွယ်ဂျယ်လမ်းကြောင်းအတိုင်း တင်ပို့လျက်ရှိပြီး သွင်းကုန်ပစ္စည်းများကို လွယ်ဂျယ်-စိန်လုံ-မိုးမောက် (ကျောက်စခန်း)- ဗန်းမော်လမ်းကြောင်းအတိုင်းကုန်သွယ်မှုပြုလုပ်လျက်ရှိသည်။

### သပိတ်ကျင်းမြို့နယ်၌ မိုးစပါးနှင့်ဝါသီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး ကွင်းဆင်းကြည့်ရှု



သပိတ်ကျင်း ဇူလိုင် ၂၂

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ညောင်ရင်းကျေးရွာနှင့် အုန်းပိုင်ကျေးရွာတို့မှ စိုက်ပျိုးထားသည့် ဝါသီးနှံနှင့်မိုးစပါးစိုက်တောင်သူများ ပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်နေမှုနှင့် ပညာပေးဆွေးနွေးမှုများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ ဝါသီးနှံနှင့်မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်တင့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးအရာရှိ ဦးကိုကိုကြီးက တောင်သူများအား အသိပညာပေးလုပ်ငန်းများနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး လုပ်ငန်းဆောင် ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက အုန်းပိုင်ကျေးရွာမှ မိုးစပါးစိုက်တောင်သူများထံသို့ ယူရီးယားဓာတ်မြေဩဇာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်( ပြန်/ဆက်)**

✤ စာမျက်နှာ ၁၀ မှ

ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ လျှော့ချပေးနိုင်ခြင်း၊ လေထုညစ်ညမ်းမှုမှ ကာကွယ်ပေးနိုင်ခြင်း၊ မြေဆီလွှာကောင်းမွန်စေပြီး မြေယာရှုခင်းများ ထိရောက်စွာထိန်းသိမ်းနိုင်ခြင်းကြောင့် ကမ္ဘာ့သက်ရှိများတည်မြဲရေးကို အထောက်အကူပြုခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်သည်။

#### မြေလွတ်မြေလပ်အားလုံးတွင် သစ်ပင်စိုက်ပျိုးကြရန်

မြန်မာနိုင်ငံ ပြန်လည်စိမ်းလန်းစိုပြည်စေရေးအတွက် သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရေးအပြင် မြေလွတ်မြေလပ်အားလုံးတွင် သစ်ပင်စိုက်ပျိုးကြရန်ဖြစ်ကာ သစ်တောသစ်ပင်များသည် နှစ်ပေါင်းရှည်ကြာ အချိန်ယူစိုက်ပျိုးရသည်ဖြစ်၍ လက်ငင်းအကျိုးစီးပွား အမြန်ဖြစ်ထွန်းရန်အတွက် သစ်တောလယ်ယာစိုက်ပျိုးရေးကိုလည်း ပေါင်းစပ်ဆောင်ရွက်သင့်ပါသည်။ ထို့ပြင် အပင်များသည် မိုးခေါင်ရေရှား၊ မိုးသည်းထန်မှုကိုခံနိုင်ရည်ရှိပြီး သစ်တောလယ်ယာအသုံးပြုသစ်ပင်မှ လူ၊ တိရစ္ဆာန်အစားအစာ၊ စက်မှုကုန်ကြမ်း၊ သစ်၊ လောင်စာ၊ မြေဆီလွှာ၊ စားကုန်နှင့် ဝင်ငွေများတိုးပွားစေသည်။

မိမိတို့နိုင်ငံသည် အရှေ့တောင်အာရှ ကုန်းမကြီးတွင် အကြီးဆုံးနိုင်ငံဖြစ်ပြီး သစ်တောသယံဇာတကြွယ်ဝခြင်းနှင့်အတူ အပင်မျိုးစိတ်များစွာ၊ ဇီဝမျိုးစုံမျိုးကွဲများစွာတို့လည်း ရှင်သန်တည်ရှိသည်။ မြန်မာနိုင်ငံ နယ်နိမိတ်စုစုပေါင်း၏ ရာခိုင်နှုန်း ၈၀ ကျော်သည် ရေဝေရေလဲ ဧရိယာအတွင်းကျရောက်လျက်ရှိရာ နိုင်ငံတစ်ဝန်းတွင် တည်ရှိနေသည့် အဓိကမြစ်ချောင်းများနှင့် ဆည်များ၊ တာတမံများ၏ ရေဝေရေလဲဒေသများတွင် သဘာဝပတ်ဝန်းကျင်မပျက်စီးအောင် ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ် ပြုလုပ်သွားရမည်ဖြစ်သည်။ ထို့ကြောင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဥပဒေနှင့်အညီ အမျိုးသားဥယျာဉ်များနှင့် ကြိုးပြင်ကာကွယ်တောများကို သတ်မှတ်ကြေညာလျက်ရှိသည်။

#### သစ်ပင်သစ်တောများသည် အကောင်းဆုံးခံတပ်ကြီးတစ်ခု

အမျိုးသားသစ်တောကဏ္ဍ နှစ် ၃၀ ပင်မစီမံကိန်းအရ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောကို နိုင်ငံအကျယ်အဝန်း၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝကာကွယ်စောင့်ရှောက် ထိန်းသိမ်းရေးနယ်မြေကို နိုင်ငံ့အကျယ်အဝန်း၏ ၁၀ ရာခိုင်နှုန်းအထိတိုးတက်ရန် ဆောင်ရွက်လျက်ရှိသည်။ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ရာတွင် ရေမြေထိန်းသိမ်းကာကွယ်ခြင်း၊ ရာသီဥတုညီညွတ်မျှတစေခြင်း၊ မြေဆီမြေသားကောင်းမွန်ခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း စသည့်လိုအပ်ချက်ကို သဘာဝသစ်တောများကသာ အထိရောက်ဆုံး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သဖြင့် သဘာဝတောများကို အစွန့်ရှည်စွာ တည်တံ့ဖွံ့ဖြိုးစေရန် ရည်ရွယ်ခြင်းဖြစ်ရာ ဒေသခံပြည်သူများ သိရှိနားလည်သဘောပေါက်စေရန် လိုအပ်သည်။ သစ်ပင်သစ်တောများသည် ရာသီဥတုပြောင်းလဲမှုအတွက် အကောင်းဆုံးခံတပ်ကြီးတစ်ခုဖြစ်ရာ သစ်တောထိန်းသိမ်းရေးကို အာဏာပိုင်များသာမက ပြည်သူလူထုအားလုံးကလည်း သစ်တောပြုန်းတီးမှုမရှိစေရန် ကာကွယ်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ သစ်တောမှ ထုတ်ယူသည့် လောင်စာစွမ်းအင်ကို တတ်စွမ်းသရွေ့လျှော့ချခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြုခြင်းတို့ဖြင့် ပူးပေါင်းပါဝင်ရန်လိုအပ်သည်။

သစ်တောပြုန်းတီးမှုများကို ပိုမိုဖြစ်ပွားစေသည့် ချိန်းဆော(Chain Saw)ခေါ် လွှပ်စစ်လက်ကိုင်သစ်ဖြတ်စက်များ တင်သွင်းရောင်းချမှုကို ထိန်းချုပ်ခြင်း၊ သစ်တောပြုန်းတီးမှုကာကွယ်ရေးနည်းလမ်းများ၊ မူဝါဒများကို လက်တွေ့ကျကျ အကောင်အထည်ဖော်ခြင်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းဧရိယာများ တိုးချဲ့ခြင်းတို့ကို လုပ်ဆောင်သင့်ပါသည်။ သို့မှသာ မြန်မာ့သစ်တောများ ရေရှည်တည်တံ့ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

သန်းနှင့်ချီ၍ စိုက်ပျိုးခဲ့သော အပင်များ ဆက်လက်ရှင်သန်ရေး ထိန်းသိမ်းရေးလုပ်ငန်းများအပေါ် အာရုံစိုက်မှုအားနည်းခြင်း၊ စိုက်ပျိုးစဉ်ကပင် နည်းစနစ်မှန်ကန်စွာ မစိုက်ခဲ့ခြင်းနှင့် ရန်သူမျိုးငါးပါးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် အပင်အရေအတွက် အများစုမှာ ပျက်စီးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြရသည်။ စိုက်ပျိုးပြီးအပင်များ ရှင်သန်မှုကို လေ့လာဆန်းစစ်သည့် အစီအမံများ စနစ်တကျလုပ်ဆောင်ခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ကြီးထွားနေသည့် အပင်များ ထိခိုက်မှုအနည်းဆုံးဖြစ်စေခြင်းတို့ကို အလေးထားလုပ်ဆောင်နိုင်မှသာ ငွေအား၊ လူအားများစွာဖြင့် ရင်းနှီးစိုက်ပျိုးခဲ့ရသောအပင်များ ဆက်လက်ရှင်သန်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ထားဝယ်ခရိုင်အတွင်း၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူမှု ၃၆၁၁ ဦး ဆောင်ရွက်ပြီးစီး



ထားဝယ် ဇူလိုင် ၂၂

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်/မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံ့ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များ၏ ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များကို ကောက်ယူလျက်ရှိရာ ၃၆၁၁ ဦး ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

အဆိုပါအချက်အလက်များ ကောက်ယူစစ်ဆေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန့်ဇင်က ကြီးမှူးဆောင်ရွက်ခဲ့သည်။

**ဆောင်ရွက်ပြီးစီးခဲ့**

ဆက်လက်၍ ထားဝယ်ခရိုင်ဦးစီးမှူးဦးသက်စိုးက ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။ ထားဝယ်ခရိုင်အတွင်း ဇွန် ၂၇ ရက်မှ ဇူလိုင် ၂၁ ရက်အထိ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူမှု စုစုပေါင်း ၃၆၁၁ ဦး ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# မြောင်းမြမြို့၌ စာဖတ်ဝိုင်းကျင်းပ

မြောင်းမြ ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၀ နာရီက စာဖတ်ဝိုင်းကျင်းပသည်။

**ဝိုင်းဝန်းဆွေးနွေး**

အဆိုပါ စာဖတ်ဝိုင်းတွင် စာရေးဆရာမ ခင်စောတင့်၏ စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများစာအုပ်ကို စာဖတ်ဝိုင်းပြုလုပ်ဆွေးနွေးကြရာ စာပေချစ်မြတ်နိုးသူများအဖွဲ့ နာယကများဖြစ်ကြသော ဦးခင်စိုး(မောင်ပညာ)၊ ဦးကျင်စိုး ( မောင်လှိုင်းသစ်-ချစ်စရာမြေ)၊ ဥက္ကဋ္ဌ ဦးညီညီ၊ အတွင်းရေးမှူး ဒေါ်အုန်းကြိုင်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးထက်ဝေကျော်၊ ဦးကျော်ရဲအောင်၊ ဒေါ်တင်လှဲ့လှဲ့ဦး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်တို့က စာအုပ်ပါအကြောင်းအရာများကို ခေါင်းစဉ်အလိုက် ဆွေးနွေးကြပြီးနောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာသူများက မိမိတို့ထင်မြင်ယူဆချက်များကို ဝိုင်းဝန်းဆွေးနွေးသည်။



ခရိုင်(ပြန်/ဆက်)



# စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပုံအဆင့်ဆင့် ရှင်းလင်းပြသ

ဒိုက်ဦး ဇူလိုင် ၂၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အောင်စိုးမိုးကျေးရွာ ရဲထွန်းဆန်စက်၊ ဆီစက်လုပ်ငန်းရှင် ဦးရဲမြင့်၏ စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ ထုတ်လုပ်ပုံအဆင့်ဆင့် ရှင်းလင်းပြသခြင်းကို ယနေ့မွန်းလွဲပိုင်းက ပြုလုပ်သည်။

အဆိုပါ အခမ်းအနားတွင် လုပ်ငန်းရှင်ဦးရဲမြင့်က စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံ ထုတ်လုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ဆန်စက်၊ ဆီစက်၊ စပါးအခြောက်ခံစက်လုပ်ငန်းများအား စပါးခွံလောင်စာသုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်သောလျှပ်စစ်ဖြင့် ဆောင်ရွက်နေမှုအခြေအနေများ၊ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများအနေဖြင့် ယခုကဲ့သို့ စပါးခွံလောင်စာဖြင့် လျှပ်စစ်မီးထုတ်ယူသုံးစွဲနိုင်ကြောင်း ရှင်းလင်းပြောကြားပြီး ထုတ်လုပ်ပုံအဆင့်ဆင့်ကို လက်တွေ့ရှင်းလင်းပြသသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်နှင့် ဖိတ်ကြားထားသော ဆန်စက်လုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။


၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

# ဗီယက်နမ်နှင့် မလေးရှားနှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်မည်



**ဟန္နိုင်း ဇူလိုင် ၂၂**

ဗီယက်နမ်ဝန်ကြီးချုပ် ဖမ်မင်ချင်နှင့် အလည်အပတ်ရောက်ရှိနေသည့် မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင် တို့သည် နှစ်နိုင်ငံကြား ကုန်သွယ်မှု ဆောင်ရွက်ချက်များကို တိုးမြှင့်ရန်နှင့် ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများကို လျှော့ချသွားရန် ယမန်နေ့ကသဘောတူညီကြောင်း သိရသည်။

**ဆက်ဆံရေး သိသိသာသာတိုးတက်**

၂၀၁၅ ခုနှစ်တွင် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံမှုအဖြစ် အဆင့်မြှင့်တင်ပြီးနောက် နှစ်နိုင်ငံအကြား ဆက်ဆံရေး သိသိသာသာ တိုးတက်လာသည့်အတွက် ဝမ်းမြောက်မိပါကြောင်း ခေါင်းဆောင်နှစ်ဦးက ဆိုသည်။

နှစ်နိုင်ငံအကြား ပါတီ၊ ပြည်နယ်၊ အစိုးရနှင့် လွှတ်တော်လမ်းကြောင်းများမှ တစ်ဆင့် ကိုယ်စားလှယ်အဖွဲ့များ ကူးလူးဖလှယ်မှုနှင့် အဆင့်မြင့် အဆက်အသွယ်များ တိုးမြှင့်ဆောင်ရွက်သွားရန်ကိုလည်း ခေါင်းဆောင်နှစ်ဦးက ထပ်လောင်းအတည်ပြုကြောင်း သိရသည်။

**သဘောတူညီကြ**

ဗီယက်နမ်နှင့် မလေးရှား နှစ်နိုင်ငံ ဝန်ကြီးချုပ်တို့အကြား ပုံမှန် သို့မဟုတ် အချိန်အခါအလိုက် တွေ့ဆုံမှုနှင့် ဘက်စုံဖိုရမ်များတွင် လိုက်လျောညီထွေရှိသော ပုံစံများဖြင့် ဖလှယ်နိုင်စေရန်အတွက် နည်းလမ်းကောင်းများ ထူထောင်ရန်လည်း ခေါင်းဆောင်နှစ်ဦးက သဘောတူညီကြသည်။

မလေးရှားနိုင်ငံသည် အာဆီယံဒေသတွင်း၌ ဗီယက်နမ်၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်ပြီး ကမ္ဘာပေါ်တွင် အဆင့် ၉ ရှိသည်။ ဗီယက်နမ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုအများဆုံးရှိသည့် ၁၀ နိုင်ငံ အုပ်စုတွင်လည်း ပါဝင်သည်။

ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်သည် ဇူလိုင် ၂၀ ရက်တွင် ဗီယက်နမ်နိုင်ငံသို့ နှစ်ရက်ကြာ အလည်အပတ် လာရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ရာထူးတာဝန်ယူပြီးနောက် ဗီယက်နမ်နိုင်ငံသို့ ၎င်း၏ ပထမဆုံးခရီးစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံရှိ ဉာဏ်ရည်တုနည်းပညာကုမ္ပဏီများက AI နည်းပညာကို တာဝန်သိစွာဖြင့် တီထွင်ထုတ်လုပ်သွားမည်ဟု ကတိပြု

**ဝါရှင်တန် ဇူလိုင် ၂၂**

အမေရိကန်နိုင်ငံရှိ ဉာဏ်ရည်တုနည်းပညာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အဓိကကုမ္ပဏီ ခုနစ်ခုသည် ၎င်းတို့၏ ဉာဏ်ရည်တုနည်းပညာနှင့်ပတ်သက်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် တီထွင်ထုတ်လုပ်သွားမည်ဟု ကတိပြုထားကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် AI မှဖြေကြားပေးသည့် (သို့မဟုတ်) ဖန်တီးပြုလုပ်ပေးခဲ့သည့် စာသားများ၊ ခတ်ပုံများကို မည်သည့်အချိန်တွင် ထုတ်လုပ်ပေးသလဲဆိုသည်ကို သိရှိစေရန် ရေစာအမှတ်အသားစနစ် ပါဝင်ရမည်ဖြစ်ကြောင်း ဘိုင်ဒင်က ဆိုသည်။

အမေဇုန်၊ ဂူဂဲလ်နှင့် မီတာ အပါအဝင် နည်းပညာကုမ္ပဏီများမှ အမှုဆောင်အရာရှိများနှင့် အိမ်ဖြူတော်၌ ယမန်နေ့က တွေ့ဆုံစဉ် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အထက်ပါကိစ္စနှင့်ပတ်သက်ပြီး အသိပေးကြေညာခဲ့သည်။

ကမ္ဘာတစ်ဝန်း၌ သတင်းမှားများ ပျံ့နှံ့နိုင်ခြေနှင့် ပတ်သက်၍ စိုးရိမ်မှုများမြင့်တက်လျက်ရှိသည့် ယခုအချိန်တွင် စာသားနှင့် ပုံများကို အလိုအလျောက် ဖန်တီးထုတ်ပေးသည့် ဉာဏ်ရည်တုနည်းပညာသည် လျင်မြန်စွာ ဖွံ့ဖြိုးလျက်ရှိသည်။

ပြည်သူများ ဘေးကင်းရေးအပြင် လူမှုအဖွဲ့အစည်းအပေါ် ကောင်းမွန်သည့် အကျိုးသက်ရောက်မှုရှိစေရန်အတွက် AI နည်းပညာကို တတိယအဖွဲ့အစည်းမှစစ်ဆေးရန်ကိုလည်း အမှုဆောင်အရာရှိများက သဘောတူညီခဲ့ကြောင်း ဘိုင်ဒင်က ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာကို တာဝန်သိစွာဖြင့် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် သင့်လျော်သော ဥပဒေနှင့် စည်းမျဉ်းများ ချမှတ်ပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း ဘိုင်ဒင်က ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**




# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ခရီးသည်တင်ယာဉ်တစ်စီး လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ၁၇ ဦးသေဆုံးကာ ၄၅ ဦးဒဏ်ရာရရှိ

**ဒါကာ ဇူလိုင် ၂၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဂျာလိုကာတီခရိုင်၌ ခရီးသည်တင်ယာဉ်တစ်စီး လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းကြောင့် အနည်းဆုံး ၁၇ ဦး သေဆုံးကာ အခြားသော ၄၅ ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း ခရိုင်ရဲချုပ် မူဟာမက် အာဖရူဇူလ်ဟေးက ယနေ့တွင် ပြောကြားသည်။

အဆိုပါ ခရီးသည်တင်ယာဉ်သည် ယနေ့နံနက်ပိုင်းက မြို့တော်ဒါကာ၏ တောင်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာရှိလမ်းဘေးရေကန်အတွင်းသို့ လမ်းချော်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ ခရီးသည်တင်ယာဉ် လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ခရီးသည် ၁၃ ဦးမှာ အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့ကြောင်း ခရိုင်ရဲချုပ် မူဟာမက် အာဖရူဇူလ်ဟေးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဒဏ်ရာရရှိသူအားလုံးအား ဒေသဆိုင်ရာ ဆေးရုံများနှင့် ဆေးခန်းများသို့ ပို့ဆောင်ခဲ့ပြီး ယင်းသို့ ဒဏ်ရာရရှိသူများအနက်မှ လေးဦးသည် ဆေးကုသမှုခံယူလျက်ရှိစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဒဏ်ရာရရှိသည့် ခရီးသည်တချို့မှာ စိုးရိမ်ရသည့် အခြေအနေရှိခြင်းကြောင့် သေဆုံးသူအရေအတွက် ထပ်မံတိုးလာနိုင်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ယာဉ်မောင်းအနေဖြင့် အဆိုပါခရီးသည်တင်ယာဉ်အား မထိန်းချုပ်နိုင်ခဲ့ခြင်းကြောင့် လမ်းဘေးရှိ ရေကန်အတွင်းသို့ ထိုးကျကာ တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းလည်း ခရိုင်ရဲချုပ် မူဟာမက် အာဖရူဇူလ်ဟေးက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# အိန္ဒိယနိုင်ငံအနောက်ပိုင်း၌ မြေပြိုမှုကြောင့် သေဆုံးသူ ၂၂ ဦးရှိလာ

**နယူးဒေလီ ဇူလိုင် ၂၂**

အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရက်ရှ်ထရာပြည်နယ်ရှိ အီရှယ်ဝဒီကျေးရွာ၌ ဇူလိုင် ၁၉ ရက်က ဖြစ်ပွားခဲ့သည့် မြေပြိုမှုကြောင့် သေဆုံးသူ ၂၂ ဦးရှိလာခဲ့ကြောင်း ဒေသဆိုင်ရာရဲအရာရှိတစ်ဦးက အတည်ပြုပြောကြားသည်။

အဆိုပါမြေပြိုမှုဖြစ်ပွားခဲ့ခြင်းကြောင့် လူပေါင်း ၁၀၀ နီးပါး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ ရာသီဥတုဆိုးရွားခြင်း၊ ခက်ခဲသော မြေပြင်အခြေအနေများကြောင့် အကြီးစားစက်ယန္တရားများကို သဘာဝဘေးဖြစ်ပွားရာနေရာများသို့ သယ်ဆောင်မသွားနိုင်ခဲ့ခြင်းကြောင့် ရှာဖွေရေးလုပ်ငန်းများအတွက် အဟန့်အတားများဖြစ်ပေါ်စေခဲ့ကြောင်းလည်း သိရသည်။

ဒေသတွင်းမီဒီယာများ၏ သတင်းဖော်ပြချက်အရ မြေပြိုမှုဖြစ်ပွားခဲ့သည့် ဇူလိုင် ၁၉ ရက်ညပိုင်းတွင် အဆိုပါကျေးရွာအတွင်း၌ လူပေါင်း ၂၃၀ ခန့်ရှိနေခဲ့ကြောင်း သိရသည်။ ယင်းသို့ မြေပြိုမှုဖြစ်ပွားစဉ်တွင် လူပေါင်း ၇၀ ဝန်းကျင်သည် ထိခိုက်ဒဏ်ရာမရှိဘဲ လွတ်မြောက်ခဲ့ပြီး ၂၁ ဦးကိုမူ အပျက်အစီးများအောက်မှ အသက်ရှင်လျက်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# ယခုနှစ်ပထမနှစ်ဝက်အတွင်း ဥဇဘက်ကစ္စတန်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံအထိ ရှိလာ

**တက်စ်ကန့် ဇူလိုင် ၂၂**

ဥဇဘက်ကစ္စတန်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ပထမခြောက်လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံအထိ ရှိလာခဲ့ကြောင်း ဥဇဘက်ကစ္စတန်နိုင်ငံ၏ စာရင်းအင်းအေဂျင်စီက ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

အဆိုပါ ဥဇဘက်ကစ္စတန်နိုင်ငံ၏ စာရင်းအင်းအေဂျင်စီမှ ရရှိသည့်အချက်အလက်များအရ ယခုနှစ်ပထမနှစ်ဝက်တာကာလအတွင်း ရရှိသည့် နိုင်ငံခြားကုန်သွယ်မှုသည် ယမန်နှစ် အလားတူကာလကထက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံ သို့မဟုတ် ၁၉ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။




ထို့ပြင် ဥဇဘက်ကစ္စတန်နိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၁ ဘီလီယံရှိခဲ့ကြောင်းနှင့် သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံ အသီးသီးရှိကြောင်း သိရသည်။

သို့ရာတွင် ဥဇဘက်ကစ္စတန်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၂ ခုနှစ်အတွင်းက အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ အထိရှိခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့်နှစ်အတွင်း ဥဇဘက်ကစ္စတန်နိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများမှာ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့ ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီ ထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင် သစ်မျိုးစုံ၊ အင်ကြင်းကျောက်၊ လူသုံးကုန်၊ စားသောက်ကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့မှ ချင်းရွှေဟော်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ ဘိလပ်မြေအိတ်များနှင့်အတူ ရောနှောသယ်ဆောင်လာပြီး တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အင်ကြင်းကျောက်ဟုယူဆရသော ကျောက်တုံး ၁၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင်ကုန်ပစ္စည်းများတားဆီးရေးအဖွဲ့က မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် MDF BOARD ၂၅၆၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၈၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇူလိုင် ၂၁ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ကျုံဒိုးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Panda Blue Foam Slipper ဖိနပ် အရန် ၁၃၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၀၀၀)၊ Vee Rubber Motorcycle Tyre with Tube အလုံး ၄၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၂၂၅၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဇူလိုင် ၂၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Lactasoy Soy Milk ဘူး ၅၄၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇူလိုင် ၂၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်သစ်တောဦးစီးဌာနအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့က တောင်ငူခရိုင်နှင့် ပြည်ခရိုင်များအတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၇၆၃ တန်၊ သစ်မာ သုည ဒသမ ၄၇၀ တန်နှင့် အခြားသစ် ၂ ဒသမ ၃၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၅၇၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၇၃၅၇၄) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ


ညွန့်မောင်၊ မြင့်ခိုင်၊ မမူဗွာချော်နှင့် မသန့်ရှင်းလေးတို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပင်လောင်းမြို့နယ် ပင်လောင်း-အောင်ပန်းသွားကားလမ်း နန်းတိုင်းကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြင့်ခိုင်မောင်းနှင်ပြီး ညွန့်မောင်၊ မမူဗွာချော်နှင့် မသန့်ရှင်းလေးတို့လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းစိမ်း ၁၃ ကီလိုကိုလည်းကောင်း။

အလားတူ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၁ ရက် ညနေ ၅ နာရီ မိနစ် ၂၀ တွင် မြိတ်မြို့နယ် အလယ်ပိုင်းကျေးရွာ၌ အောင်အောင်ဦးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ နံနက် ၁၁ နာရီတွင် ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက် လေယာဉ်ကွင်းလမ်း၌ အေးစောအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ အိုက်စ်ကိုးကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် အဆိုပါနေရာ၌ လုဝင်း အား ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၇-၂၀၂၃ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ 'တည်ထားပူဇော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်' (အပိုင်း-၃)
- ၀၉:၁၅ တရုတ်ကာတွန်း '**မြူခင်စိတ်ရှ**'(အပိုင်း-၁၉)
- ၁၀:၀၀ 'သတင်းသမားပြောတဲ့သတင်းစကား'
- ၁၀:၃၀ 'LOCAL TALENTS SHOW' (Engilis Songs)တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၀ အသိပညာနှင့်အမှန်တရား
- ၁၂:၃၅ This Week's Special Interest
- ၁၃:၀၀ MRTV National News
- ၁၃:၂၅ မြန်မာဂန္ထဝင်ရုပ်ရှင် '**ချစ်ညီမ**' (ဇေယျမြင့်အောင်၊မေရှင်၊မြင့်မြင့်ခင်) (ဒါရိုက်တာ-မောင်မောင်စိုး)
- ၁၆:၃၅ Sports Diary
- ၁၇:၂၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၀ Economic Review
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ 'အတိတ်ကောင်း၊ နိမိတ်ကောင်းကို သယ်ဆောင်လာသည့်ရတနာဆင်ဖြူတော်ရဋ္ဌနန္ဒ'
- ၁၉:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ဗိုင်းဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး**' (အပိုင်း-၃၄)
- ၁၉:၃၀ 'တည်ထားပူဇော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်' (အပိုင်း-၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'ဂန္ထဝင်ဟာသအနုပညာရှင်မိုးဒီ'(အပိုင်း-၂)
- ၂၁:၂၀ ဆေးရောင်စုံရုပ်ရှင် '**အချစ်နဲ့အကောင်းအတိုင်းဖြစ်စေမည်**' (ဒွေး၊လွင်မိုး၊မင်းဦး၊မေသန်းနု) (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)

### mitv

- 07:01 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
- 07:08 The Art of Making Paper Toys
- 07:14 A Traditional Food in Bagan: Pone Ye Gyi
- 07:27 Don Min Artist
- 07:47 Tastes of Home Land: Sour and Spicy Crab
- 08:01 News
- 08:27 Products of Myanmar - Myanmar Circular Stone Slab
- 08:39 Athet Htet Myat Thaw Gon Theikkar or Dignity Greater Than Life
- 09:02 Myanmar Avocado In The Global Market
- 09:29 Dances of Myanmar: Gaybar Kayin Traditional Dance
- 09:35 Today Myanmar: Famous Ywangan Coffee and the Coffee Growers
- 09:45 Thahtay Kyun Island
- 10:01 News

### MRTV NRC

**ချင်း(ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
တောင်ကြာပန်းတို့ရှိရာသီ တစ်ခေါက်တစ်ခါ အလည်ရောက်စေချင်

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
ရှားစောင်းအစွမ်းအံ့မသန်း

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
ပွိုင့်ကမ်းခြေသို့အလည်သွားကြမယ်

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
စားမြိန်ဖွယ်ရာပျိုမေ့လက်ရာ (ရှမ်းရိုးရာငါးပေါင်းအစားအစာ)

**'ဝ' (၁၃:၀၀ မှ ၁၅:၀၀)**
ငါးပေါင်းပြုလုပ်နည်း

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ကယားဒေသမှအင်ဥရှာထွက်မယ်

**ဝကော်ကရင် (၁၉:၀၀ မှ ၂၀:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၇)

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
တိုင်းရင်းသားကျေးရွာတကာရင်ရိုးရာအိမ်လေးသို့

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
တို့ရွာအကြောင်း

**ချင်း(လိုင်ဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၀ စူးစမ်းရှာဖွေရှုးဟောင်းအမွေ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၄၅ တည်ထားပူဇော်မာရဝိဇယဗုဒ္ဓရုပ်ပွားတော်(အပိုင်း-၃)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို '**အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ**'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေးအကြောင်း
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ ပူးပေါင်းဆောင်ရွက်မှုများမှသည် မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆီသို့
- ၀၇:၀၀ တောင်သူအကျိုးရည်မျှော်ကိုး ဈေးနှုန်းချိုသာ ယူရီးယားမြေဩဇာ
- ၀၇:၅၀ နေရောင်အောက်ကဝင်းဝင်းဝါ ဆီထွက်တိုးမှာဆင်းရွှေကြာ
- ၀၈:၁၅ သုံးသီးစားတဲ့တို့ယာမြေ
- ၀၉:၀၀ မျိုးနှင့်နည်းပညာဖြန့်ဝေရာမြစ်သားစိုက်/သုံခြံမှာ
- ၀၉:၃၅ တိရစ္ဆာန်စာပူလုံပိုးစားကျက်သီးနှံစိုက်ကြစို့

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း/ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- ၁၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကတ်ဘောအက်ငေး'
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အလုံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

အလုံ ဇူလိုင် ၂၂

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို နံနက် ၁၀ နာရီက အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ အဆိုပါအသင်းစု၏ စံပြအရောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေး ဒုတိယပိုင်းတွင် အမှုဆောင်အဖွဲ့ ရွေးချယ်ပွဲကို တိုင်းဒေသကြီးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ပါဝင်သောဖွဲ့စည်းရေးကော်မတီက ဦးဆောင်၍ အမှုဆောင်အဖွဲ့ကိုးဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ခနုဖြူမြို့နယ်၌ သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

ခနုဖြူ ဇူလိုင် ၂၂

ဧရာဝတီတိုင်းဒေသကြီး ခနုဖြူမြို့နယ် တော်ဝကျေးရွာ တော်ဝ သဘာဝရေပြင်အတွင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့ နံနက် ၉နာရီက ကျင်းပသည်။

**ကောင်ရေ ၄၀၀၀၀၀**

ထိုသို့ဆောင်ရွက်ရာတွင် ခနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းကိုကိုဦးနှင့်ဝန်ထမ်းများ၊ မအူပင်မြို့နယ် အောင်ဟိတ်ငါးလုပ်ငန်းစခန်း တာဝန်ခံနှင့်အဖွဲ့၊ တော်ဝကျေးရွာ အုပ်ချုပ်ရေးမှူးနှင့်အင်းသားကြီးများ၊ ရေလုပ်သားများ တက်ရောက်ကြပြီး အောင်ဟိတ်ငါးသားဖောက်စခန်းမှ ငါးမြစ်ချင်းငါးသားပေါက် ကောင်ရေ ၂၀၀၀၀၀၊ ငါးခုံးမ ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၄၀၀၀၀၀ကို တော်ဝကျေးရွာ သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။



အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

■ **တိုက်စစ်မှူး မက်ဆီမှ**

ပရိသတ် ၂၀၀၀၀ ဆံ့ဘောလုံးကွင်းထဲမှာ တိုက်စစ်မှူးမက်ဆီရဲ့ နောက်ကျသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် နာမည်ကျော်အနုပညာရှင် အများစုလည်း အောင်ပွဲခံခဲ့ကြတာဖြစ်ပါတယ်။

ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုကို ခုနစ်ကြိမ်အထိ ရယူထားတဲ့ တိုက်စစ်မှူး မက်ဆီဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် မေဂျာလိဂ်ကလပ်အင်တာမီယာမီအသင်းကို ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး အင်တာမီယာမီအသင်းနဲ့အတူ ဇူလိုင် ၁၈ ရက်မှာ စတင်လေ့ကျင့်ကစားခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူးမက်ဆီဟာ ပြင်သစ် ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနဲ့အတူ နှစ်နှစ်ကြာပါဝင်ကစားခဲ့ရာမှာ ပွဲစဉ်စုစုပေါင်း ၇၅ ပွဲမှာ သွင်းဂိုး ၃၂ ဂိုး သွင်းယူပေးခဲ့သူဖြစ်ပြီး ဘာစီလိုနာအသင်းမှာ ပါဝင်ကစားခဲ့စဉ်က ချန်ပီယံလိဂ်ဖလားလေးကြိမ်အထိ ရယူဆွတ်ခူးပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

ငွေကြယ်

❂ **MNL ပြိုင်ပွဲမှ**

အနိုင်ဂိုးကိုမူ ၈၉ မိနစ်တွင် ပီတာအောင်ဝေထူးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဧရာဝတီအသင်း တိုက်စစ်မှူး ရွှေကိုက ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၃ ပွဲကစား ရမှတ် ၂၀၊ ဧရာဝတီအသင်းက ၁၃ ပွဲကစား ၁၄ မှတ်ရရှိထားသည်။

ပွဲစဉ် (၁၃) တတိယနေ့အဖြစ် ဇူလိုင် ၂၃ ရက် (ယနေ့) တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်(၅)နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၃၀ | ၂၂၁၀ | ၂၃၁၀ | ၂၃၂၅ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၅ | ၂၈၂၀ |
| 95 Ron | ၂၂၉၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၀ | ၂၃၄၅ | ၂၃၂၅ | ၂၄၂၀ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၇၅ | ၂၃၈၀ | ၂၆၁၀ | ၂၉၂၀ |
| HSD (500 ppm) | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၂၃၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၂၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၂၃၅ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၂၈၅ | ၂၃၀၅ | ၂၃၀၀ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၈ | ၂၁၄၃ |
| 95 Ron | ၂၁၇၉ | ၂၂၅၆ |
| HSD (500 ppm) | ၂၀၅၂ | ၂၁၂၂ |
| HSD (50 ppm) | ၂၁၂၅ | ၂၁၉၇ |
| HSD (10 ppm) | ၂၁၂၅ | ၂၁၉၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၂၅၂ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၂-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၈၃,၄၁၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၉၆၆) ဦး ရှိပြီဖြစ်ပါသည်။


ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၄၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

ဝတ္ထုတို

## ■ လင်းလက်ကြယ်(လက်ပံလှ)




(၁)

"ကိုလှမောင် ကိုလှမောင် ထတော့ မိုးလင်းနေပြီ"

မိန်းမဖြစ်သူ နှိုးတဲ့အသံကြောင့် မဖွင့်ချင်ဖွင့်ချင်ဖြစ်နေတဲ့ မျက်လုံးတွေကို အားယူပြီးဖွင့်လိုက်တယ်။

"ဒီနေ့ အလုပ်သွားမှာလား၊ သက်သာရဲ့လား"

အိပ်ရာထဲကနေ ထထိုင်လိုက်တော့ မိန်းမဖြစ်သူက အနားရောက်လာပြီး နဖူးကို စမ်းပြီးမေးလိုက်တာ။

"သက်သာပါတယ်ဟာ"

"မသက်သာရင်လည်း ဒီနေ့နားလိုက်ပါလား"

"ရပါတယ်ဟာ၊ နင်သာ အဆင်သင့်လုပ်ထားလိုက်"

မိန်းမဖြစ်သူနဲ့ အမေးအဖြေလုပ်ရင်း ခုတင်ပေါ်ကနေ ဆင်းလိုက်တယ်။

"ဖေဖေ သမီးကို စက်ဘီးမဝယ်ပေးသေးဘူးလား"

ကျောင်းဝတ်စုံလေးဝတ်ပြီး ထမင်းကြော်စားနေတဲ့ သမီးကြီးက ကျွန်တော့်ကိုမြင်တော့ လှမ်းပြောလိုက်တယ်။ သမီးကြီးအမေးကို ပြန်မဖြေဘဲ ပြုံးပြလိုက်တယ်။ အဲဒီနောက် ရေတွင်းရှိရာကို သွားလိုက်တယ်။

(၂)

"မသက်သာရင်လည်း မသွားပါနဲ့လား ကိုလှမောင်ရယ်။ နောက်ရက်တွေလည်း လုပ်လို့ရတာပဲ"

မိန်းမဖြစ်သူက ညောင်နာနာဖြစ်နေတဲ့ ကျွန်တော့်ကိုကြည့်ပြီး စိတ်မချဖြစ်နေတာ။ မိန်းမဖြစ်သူ စိတ်မချလည်း စိတ်မချစရာပဲလေ။ ညက အဖျားတွေတက်တော့ သူကိုယ်တိုင်ပြုစုခဲ့ရတာပဲ။ ကံကောင်းတာက အိမ်မှာဝယ်ထားတဲ့ ဒီကိုလ်ဂျင်ဆေးရှိနေလို့ တော်သေးတယ်။ အဲဒီဆေးသောက်ပြီးမှ ကျွန်တော်လည်း တော်တော်သက်သာသွားတယ်။ အဖျားကျပြီး အိပ်ပျော်သွားတော့တာ။

"သက်သာပါတယ် မိန်းမရယ်။ ဒီနေ့ကလည်း သွားမှဖြစ်မှာကွ။ ကိုဆွေခိုင်ကလည်း ဒီနေ့ပေးရမယ့် အော်ဒါကို အမြန်ပြီးချင်နေတာ"

မိန်းမဝယ်ထားတဲ့ အကြော်လေးနဲ့ ထမင်းပူဆီဆမ်းလေးကို စားရင်းပြောလိုက်တယ်။ စိတ်ထဲမှာလည်း သမီးကြီးလိုချင်တဲ့ စက်ဘီးလေးကို မြင်ယောင်နေမိတယ်။ သမီးကြီးက စက်ဘီးလိုချင်တယ်လို့ပြောတဲ့နေ့က ကျွန်တော်မှာ ဘယ်လိုလုပ်ပေးရမှာလည်းလို့ စဉ်းစားနေမိတာ။ သမီးကြီးအနေနဲ့လည်း သူများတွေ စက်ဘီးနဲ့ ကျောင်းတက်တော့ သူလည်း တက်ချင်မှာပဲ။ တွေးကြည့်တော့လည်း အိမ်နဲ့ကျောင်းက နာရီဝက်လောက်သွားရတယ်။ ကျွန်တော် အလုပ်မသွားတဲ့ရက်တွေမှာဆိုရင်တော့ ဆိုင်ကယ်နဲ့ လိုက်ပို့လို့ရတယ်။ အလုပ်သွားတဲ့ရက်တွေဆိုရင်တော့ သမီးကြီးတို့ မောင်နှမခြေကျင်သွားရတယ်။ အခုဆိုရင် သမီးကြီးက ခုနစ်တန်း၊ သားငယ်က သုံးတန်းရောက်နေပြီ။ တစ်ခါတလေ ရပ်ကွက်ထဲက သူ့သူငယ်ချင်းတွေရဲ့ စက်ဘီးလေးကို စီးရတဲ့အခါ ပျော်နေတဲ့ သမီးကြီးကိုကြည့်ရင် ရင်ထဲမှာ မကောင်းခဲ့ဘူး။ ဘာပဲဖြစ်ဖြစ် ဒီနှစ်တော့ စက်ဘီးလေးတစ်စီးတော့ ဝယ်ပေးမယ်လို့ စိတ်ကူးထာတာ။ ဒါပေမယ့် ရတဲ့ပိုက်ဆံက စက်ဘီးဝယ်ပေးဖို့ဘက်ကို မရောက်ဘူး။ မိသားစုစားဝတ်နေရေးနဲ့ ကျောင်းစရိတ်နဲ့လုံးချာလည်နေတာ။ ဒီကြားထဲ ကျန်းမာရေးက တစ်ယောက်ပြီး တစ်ယောက် ထထဖောက်နေတာ။ ဘယ်လိုပဲဖြစ်နေနေ စက်ဘီးလေး ဝယ်နိုင်အောင်တော့ လုပ်မယ်လို့ စိတ်ကူးထားတာ။ အဲဒါနဲ့ စက်ဘီးရောင်းတဲ့ဆိုင်တွေကို သွားကြည့်တော့ ဈေးနှုန်းတွေက အနားမကပ်နိုင်အောင် ကြီးလိုက်တာ။ နောက်ဆုံးတော့ အသိတစ်ယောက် စက်ဘီးပြင်တဲ့ ဆိုင်ကို သွားခဲ့လိုက်တယ်။ စက်ဘီးပြင်ဆိုင်မှာတော့ ရောင်းမယ့် စက်ဘီးတစ်စီးတွေ့ခဲ့တယ်။

အဲဒီစက်ဘီးက အသစ်ကြီးမဟုတ်ပေမယ့် အဟောင်းကြီးလည်းမဟုတ်ဘူး။ ဈေးကို မေးကြည့်တော့ ခုနစ်သောင်းတဲ့။ အသစ်ဈေးနဲ့စာရင် ထက်ဝက်တော့ကွာတယ်။ ဝယ်မယ် စိတ်ကူးတော့လည်း လက်ထဲမှာ ပိုက်ဆံက လုံလုံလောက်လောက်က မရှိဘူး။ စက်ဘီးပြင်ဆိုင်က သူငယ်ချင်းကလည်း ယူမှာသေချာရင် သုံးရက်တော့ စောင့်ပေးမယ်။ အဲဒီသုံးရက်ကျော်လို့မှ မယူဖြစ်ရင် ဝယ်သူလာရင် ရောင်းပစ်လိုက်မယ်လို့ပြောတာ။ သူငယ်ချင်းစကားကြောင့် ပျော်လည်းပျော် စိုးလည်းစိုးရိမ်မိတယ်။ ယူချင်ပေမယ့် လက်ထဲမှာ ငွေကမရှိဘူး။

အဲဒါနဲ့ ကျွန်တော်သွားပြီး အလုပ်လုပ်နေတဲ့ ကပ်ထောင်ပိုင်ရှင်ကို ပြောပြတော့။ ဒီနေ့ရက်ပြီးတဲ့ ထရံတွေ လာယူရင်တော့ လိုတာကို ချေးမယ်ပြောတယ်။ အဲဒါကြောင့် ဒီနေ့ကို ကျွန်တော်မသွားလို့ မဖြစ်ဘူး။ လူက သိပ်မလန်းပေမယ့် ဒီနေ့က စက်ဘီးဝယ်ဖို့ စောင့်ခိုင်းထားတဲ့ နောက်ဆုံးရက်လည်း ဖြစ်နေတာလေ။

"ရော့ ဒီကိုလ်ဂျင်လေး သောက်သွားလိုက်ဦး"

မနက်စာ စားပြီးတော့ မိန်းမဖြစ်သူက ဆေးလုံးကို ကျွန်တော့်ကို ပေးလိုက်တာ။ ကျွန်တော်လည်း မိန်းမပေးတဲ့ ဆေးလုံးကိုသောက်ပြီး ဆိုင်ကယ်ရှိရာကို သွားလိုက်တယ်။

(၃)

ကျွန်တော်အလုပ်သွားလုပ်တဲ့ နေရာရောက်ဖို့အတွက်က ဆိုင်ကယ်ကို ၄၅ မိနစ်လောက် မောင်းရတယ်။ အလုပ်က နေ့စားမဟုတ်သလို အလုပ်ချိန်လည်း မရှိဘူး။ ကျွန်တော်လုပ်နိုင်ရင် လုပ်နိုင်သလောက်ရတယ်။ ဒီအလုပ်ကို ကျွန်တော်တို့ ငယ်ငယ်တုန်းက ဦးကြီးက စသလို နောက်သလိုနဲ့ ပြောခဲ့ဘူးတယ်။ "ခါးကုန်း၊ ခေါ်းတုံး၊ မယားမုန်း" ဆိုပြီး ပြောခဲ့ဖူးတယ်။ ခါးကုန်း ခေါ်းတုံးတာတော့ မသိဘူး။ မယားမုန်းဆိုတာကတော့ မှားနေတာ။ ဘာဖြစ်လို့လည်း ဆိုတော့ ကျွန်တော့်မိန်းမကတော့ ဒီအလုပ်ကို ကျွန်တော်သွားလုပ်ဖို့အတွက် အမြဲတမ်း တက်တက်ကြွကြွ ခိုင်းနေတာ။

အရင်တုန်းက ကျွန်တော့် မိဘတွေကလည်း ကပ်ထောင်ပိုင်ရှင်တွေပဲ။ ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် အိမ်မှာ ကပ်ရက်တဲ့ မိသားစုကိုက သုံးအိမ်ထောင်လောက်ရှိတာ။ အဲဒီတုန်းက ကျွန်တော်တို့လည်း ကပ်ရက်ခဲ့ရတာပဲ။ ကျွန်တော်တို့ ငယ်ငယ်တုန်းက အများဆုံးလုပ်ခဲ့ရတာက မိုးကပ်ပဲ။ ထရံဆိုတာကတော့ ရံဖန်ရံခါပဲလုပ်ရတာ။ ထရံကတော့ အရွယ်ရောက်လာမှ လုပ်ရတာ။ ထရံရက်တတ်လာတော့ ကျွန်တော်တို့ ကပ်လုပ်ငန်းအကြောင်းကို စိတ်ဝင်စားလာတယ်။ ဒီကပ်ထရံ ရက်လုပ်တဲ့ပညာဟာ ဘယ်က ဆင်းသက်လာလည်းဆိုတာ ကျွန်တော်လည်း မသိခဲ့ဘူး။ ကျွန်တော်မသိလို့ မိဘတွေကိုမေးတော့လည်း သူတို့လည်း မသိဘူးတဲ့။ ကျွန်တော့်ကို ထရံရက်နည်းအမျိုးမျိုးကို သင်ပေးတဲ့ဦးကြီးကို မေးကြည့်တော့လည်း "ငါလည်း မသိဘူးကွ၊ ငါ့လည်း ငါ့အဖေက သင်ပေးတာပဲ၊ မင်းက ဘာလုပ်မလို့လဲ"ဆိုပြီး ပြန်မေးတော့တာ။

ကျွန်တော်လည်း ဦးလေးကို ဘာမှမမေးတော့ဘဲ ဒီအတိုင်းနေခဲ့လိုက်တယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ သိချင်စိတ်ကတော့ ပျောက်မသွားဘူး။ ကျွန်တော်သိတဲ့ မြန်မာ့လက်မှု ပန်းဆယ်မျိုးထဲမှာလည်း ကျွန်တော်တို့ ကပ်လုပ်ငန်းမပါခဲ့ဘူး။ ဘယ်ခေတ်ကနေစပြီး ပေါ်ခဲ့လည်းဆိုတာလည်း မတွေ့ခဲ့ရဘူး။ ဒါပေမယ့် ကပ်လုပ်ငန်းကတော့ ဒီနေ့အချိန်ထိ ရှိနေတုန်းပဲ။ အဲဒီမရှိလို့မပါလို့ ကျွန်တော်တို့ ထရံရက်နည်းတွေဟာ မြန်မာ့လက်မှုပညာစစ်စစ်တွေ မဟုတ်လို့လားလို့ ပြန်တွေးမိတော့လည်း မဖြစ်နိုင်ဘူးလို့ တွေးမိလိုက်တယ်။ ဘာဖြစ်လို့လည်း ဆိုတော့ ကျွန်တော်တို့ ထရံရက်နည်းမှာ နည်းစနစ်တွေရှိတယ်။ အခေါ်တွေလည်း ရှိတယ်။ သုံးပင်ကျော်သုံးပင်ကျ၊ လက်မနီး၊ ဒင်္ဂါးကွက်၊ မယားခိုး၊ မှန်ကူကွက်၊ ဒေါင်းကကွက်၊ ရေလှိုင်းကွက်ဆိုပြီး ထရံရက်နည်းတွေ အမျိုးမျိုးရှိတယ်။ ပြီးတော့ ထရံနဲ့ စာရေးတာတွေ၊ နာမည်တွေရေးတာတွေလည်း လုပ်လို့ရတယ်။အဲဒီလို အမျိုးမျိုးရှိတဲ့အထဲမှာလည်း သူ့ဟာနဲ့သူ ရက်ပုံရက်နည်းက ကွဲတယ်။ စနစ်ရှိတယ်။ စည်းရှိတယ်။ အဲဒီလိုတွေ သိလာတော့ ထရံရက်နည်းကို စထွင်တဲ့သူကို သိချင်လာတယ်။ လှျပ်စစ်ကို တီထွင်သူကို ကျွန်တော်တို့သိတယ်။ လေယာဉ်ကို တည်ထွင်တဲ့သူကို ကျွန်တော်တို့သိတယ်။ ဖုန်းကိုတီထွင်တဲ့သူကို ကျွန်တော်တို့သိတယ်။ ဒါပေမယ့် ကိုယ့်ဝမ်းရေးအတွက် လုပ်ကိုင်နေတဲ့ ထရံရက်နည်း တီထွင်တဲ့သူကို ကျွန်တော်မသိခဲ့ဘူး။ အဲဒီသိချင်တဲ့စိတ်က အရွယ်ရောက်လာတော့ မေ့သွားခဲ့တယ်။ အိမ်ထောင်တွေကျ သားသမီးတွေရလာတော့ တစ်နေ့ ထရံ အတောင်ရေ ဘယ်လောက်ပြီးအောင် လုပ်မယ်လို့ပဲ တွေးထားတော့တာလေ။ အဲဒီလို တွေးရတာလည်း ဘဝဆိုတဲ့အရာကြီးကြောင့်လေ။ အခုတော့ တချို့ဝါသနာတွေကိုစွန့်ပြီး မိသားစုဝမ်းရေးကို ဦးစားပေးနေလိုက်တယ်။

(၄)

"လှမောင်ရာ၊ နေမကောင်းတာများ လာနေရသေးကွာ"

ကျွန်တော် အလုပ်လုပ်မယ့် ကပ်ဆိုင်ကိုရောက်တော့ ကပ်ဆိုင်ပိုင်ရှင်က ပြောလိုက်တာ။ သူပြောလည်း ပြောချင်စရာ။ ဒီလောက်ပူအိုက်နေတဲ့ ရာသီတောင် ကျွန်တော်က အနွေးထည် အင်္ကျီဝတ်ပြီးလာရတာ။ ချောင်းကလည်း တဟွတ်ဟွတ်ဆိုးနေတာ။

"မလာလို့မရဘူး ကိုဆွေခိုင်ရေ၊ လူက နားချင်ပေမယ့် ဗိုက်တွေက အနားပေးလို့မရဘူးလေ။ အချိန်တန် စားချိန်ရောက်ရင် သူက အချက်ပြတော့တာပဲ။ ပြီးတော့ သမီးလေးအတွက် စက်ဘီးလေးလည်း ဝယ်ပေးချင်လို့လေ"

"ဟုတ်ပါပြီ ကိုလှမောင်ရာ၊ ရော့ ဒီမှာ ခင်များရက်ရမယ့် ထရံအော်ဒါစာရင်း၊ နားပြီးရက်ပေါ့ဗျာ"

ကိုဆွေခိုင်အပြောကို ပြုံးပြရင်း အမေပြောပြောနေတဲ့ စကားလေးကိုပဲ သတိရနေမိတယ်။

"ဟဲ့ နင်တို့တစ်တွေ ဒီအချိန်လေး လုပ်ရတာ ပျင်းရိပျင်းတွဲ လုပ်မနေကြနဲ့။ ဝါဆို ဝါခေါင်ကြရင် လုပ်ချင်ပါတယ် ဆိုတောင် မလုပ်ရဘူးရယ်။ အခုတော့ လသာတုန်း ဗိုင်းငင်ကြဟဲ့"

တစ်ခါတလေ ကျွန်တော်တို့ညီအစ်ကိုမောင်နှမတွေ မိုးကပ်ရက်လို့ ပျင်းရိပျင်းတွဲလုပ်နေတဲ့အခါ အမေက အဲဒီလို အမြဲပြောတတ်တာ။ အမေက ကျွန်တော်တို့ကို ခိုင်းသလို၊ သူကိုယ်တိုင်လည်း မနားမနေ လုပ်နေတာ။ အမေပြောလည်း ပြောစရာပဲ။ တခြားနေရာတွေတော့ မသိဘူး။ ကျွန်တော်တို့ ရွာလေးမှာတော့ ဝါဆို ဝါခေါင်ဆို မိုးကပ်ထရံမှာ သူမရှိတော့ဘူး။ အခုချိန်ပြန်တွေးကြည့်တော့ ကျွန်တော်တို့လုပ်ငန်းဟာ တောင်သူလယ်သမားတွေကို မှီခိုနေရတယ်ဆိုတာ သဘောပေါက်ခဲ့တယ်။ တောင်သူတွေ သီးနှံသိမ်းပြီးပြီဆိုရင် ကျွန်တော်တို့ ကပ်လုပ်ငန်းဟာ တော်တော်လုပ်ကိုင်ခဲ့ရတယ်။ အခုတော့ မိုးကပ်လုပ်ရတာဟာ အလွန်ရှားသွားပြီ။ ဝယ်သူလည်း မရှိတော့ဘူး။ သွပ်ကို လူတိုင်းက မိုးနိုင်နေကြပြီလေ။ မိုးကပ်မလုပ်ရတော့ ကပ်ထောင်ပိုင်ရှင်တွေမှာ ထရံနဲ့၊ ဝန်းထရံကိုသာ အဓိကထား လုပ်ကိုင်နေရတော့တာ။ ကျွန်တော်ကတော့ ကပ်ထောင်မဖွင့်နိုင်တော့ သူများ ကပ်ဆိုင်တွေဆီမှာ လက်ခစားလိုက်လုပ်နေရတာ။ အခုချိန်ထိပေါ့။

"အား ကျွတ် ကျွတ်"

ကိုဆွေခိုင် ပြတဲ့စာအုပ်ထဲက ထရံအတိုင်း စာရင်းအတိုင်း ဝါးဖြတ်နေရင်း ချမ်းစိမ့်စိမ့်နဲ့ အကြောအချဉ်တွေ တက်လာတော့ ညည်းလိုက်မိတယ်။ မျက်လုံးထဲလည်း နှဖူးကစီးကျတဲ့ ချွေးကြောင့် စပ်သွားမိတယ်။ စိတ်ကိုတင်းပြီး ဝါးတွေကို ဖြတ်နေလိုက်တယ်။

(၅)

"အဟွတ် ဟွတ်"

"အဲဒါကြောင့် ပြောတာပေါ့ မသက်သာရင်လည်း မသွားပါနဲ့ ပြောတာ။ အခုတော့ ပြန်ဖျားပြီ မဟုတ်လား"

အိပ်ရာထဲမှာ စောင်ခြုံပြီး ချောင်းတဟွတ်ဟွတ်ဆိုးနေတဲ့ ကျွန်တော့်ကို မိန်းမက အပြစ်တင်ပြောနေတော့တာ။

"ငါလည်း သမီးကြီးအတွက် စက်ဘီးလေးဝယ်ပေးချင်လို့ သွားလိုက်တာပါဟာ"

"အဲဒီလိုသွားတော့ အခုဖြစ်ပြီပေါ့။ ဆေးထိုးခပါ ပေးလိုက်ရပြီလေ"

မိန်းမဖြစ်သူကပြောတော့ အိပ်ရာထဲကနေထပြီး အပြင်ကို ထွက်ခဲ့လိုက်တယ်။

"အဲဒါဘယ်သွားမလို့လဲ "

"ဘယ်မှ မဟုတ်ပါဘူးဟာ။ သမီးကြီး စက်ဘီးစီးတာ ကြည့်မလို့ပါကွာ"

နားအေးပြီးရောဆိုပြီး မိန်းမဖြစ်သူကို ပြန်ဖြေလိုက်တယ်။ အဲဒီနောက် ခြံအပြင်ထွက်ပြီး ရပ်ကွက်လမ်းထဲမှာ စက်ဘီးနင်းနေတဲ့သမီးကြီးကို ကြည့်နေလိုက်တယ်။ မနေ့က နေမကောင်းဘဲ ကိုယ့်ဇောနဲ့ကိုယ် အလုပ်လုပ်ခဲ့တော့ အိမ်ပြန်ရောက်ရောလူကပုံကျသွားတော့တာ။ လိုချင်တဲ့ စက်ဘီးလေးလည်း ပါလာတော့ တင်းထားတဲ့စိတ်တွေ လွှတ်ချလိုက်သလို ဖြစ်သွားတာနေမှာ။ နောက်တော့ ဆေးခန်းရောက်မှပဲ သတိပြန်ရတော့တာ။ သမီးအတွက် စက်ဘီးကလည်း ပိုက်ဆံချေးခဲ့ရ၊ ဆေးထိုးဖို့လည်း ကုန်၊ လူကလည်း အလုပ်ပျက်ဆိုတော့ မိန်းမဖြစ်သူ ပွစိပွစိဖြစ်တာမဆန်းတော့ဘူး။

"သမီးကြီး ဆိုင်ကယ်တွေလာရင် ဘေးရပ်ပေး"

သမီးကြီး စက်ဘီးစီးနေတုန်း လမ်းကြားထဲက ဆိုင်ကယ်ထွက်လာတဲ့အတွက် လှမ်းပြီး သတိပေးလိုက်တာ။ သားငယ်လေးက သူ့မမ စက်ဘီးနောက်ကို ပြေးလိုက်နေတာ။ သားနဲ့သမီးကို ကြည့်ပြီး ပီတိတို့ဖြစ်နေမိတယ်။ အဲဒီ စက်ဘီးလေးလိုပဲ သမီးတို့ပညာကို အေးအေးဆေးဆေး သက်သက်သာသာ သင်နိုင်အောင်လို့ ကျွန်တော့်ဘဝကိုလည်း အပင်ပန်းခံပြီး သူတို့လေးတွေရဲ့ လှပတဲ့ ပန်းတိုင်ကို အရောက်ပို့ဖို့အတွက် ပိုပြီး ရုန်းကန်ကြိုးစားရဦးမယ်လို့ ကျွန်တော် တွေးနေလိုက်တယ်။ ။

■

## စိတ်ကောင်းထားဖို့ ပထမ

(လေးဆစ်တွဲ)

☆ လူ့ဘဝမှာ ပထမ
ကောင်းမွန်ကြ စိတ်ထားကို။
ဆက်ဆံလေ ချိုသာအေး
ယဉ်ကျေးဖို့လို။

☆ ညစ်ညမ်းသော စကားမဆို
ကြိုးစားပို နေထိုင်သွား။
လူဆိုတာ စိတ်နေမြင့်မှ
တင့်တယ်ဂုဏ်များ။

☆ မာန်ကိုလေ စွဲမထားနဲ့
အလွဲအမှား ဖြစ်တတ်သည်။
အမိုက်မှောင် ဖယ်ရှောင်ကွင်း
သန့်ရှင်းရမည်။

☆ ကိုယ့်သမိုင်း ကမ္ပည်းတည်
ကိုယ့်ဂုဏ်ရည် မညှိုးရေး။
စွမ်းနိုင်ရာ တာဝန်ထမ်းလို့
လျှောက်လှမ်းကွဲ့လေး။

☆ စိတ်ထားကို ဖြူစင်ပေးမှ
သောကဝေး ဘဝမှာ
မုဒိတာ အပြုံးပန်း
ပွင့်လန်းလို့လာ။

☆ လူအချင်းချင်း ပေးမေတ္တာ
ကရုဏာ ထားစေသား။
အောင်မြင်ကာ လူ့တန်ဖိုးလည်း
တိုးတက်ဆပွား။ ။

ဖြိုးထက်(ရေစကြို)

---

## စာပေမြင့်မှ လူမျိုးမြင့်မည်

○ စိတ်ထားလှဖို့ မြင့်မြတ်ရာ
စာတွေဖတ်ကြပါ။
အသိပညာ လမ်းမှန်ပြ
စာပေဖတ်ရှုမှ။

○ ဘဝလှပ အောင်မြင်ဖွယ်
ရိုးသားကြိုးစားမယ်။
လူမှုနယ်ပယ် တွေးဆပွား
အကောင်းဆိုးခွဲခြား။

○ ဗဟုသုတများ တို့ရှာဖွေ
တွေ့ရှိမြတ်စာပေ။
နည်းလမ်းမှန်စေ ချင့်ချိန်တွေး
စိတ်ဓာတ်မြှင့်တင်ပေး။

○ ဘဝရှေ့ရေး တိုးတက်အောင်
မေတ္တာစိတ်စွမ်းဆောင်။
တင့်တယ်ဂုဏ်ရောင် ပန်းလိုခင်း
စာပေဥယျာဉ်တွင်း။
မွှေးပျံ့စွာထုံသင်း။ ။

မျိုးဇော်ဦး(ထားဝယ်)

---

ဆောင်းပါး

# လူငယ်နှင့် အားကစား

■ ဇင်မင်းစိုး (ဗိုလ်ကလေး)

ယခုတစ်လော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းများတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ လူငယ်စကားဝိုင်းလေးများ ကျင်းပပြုလုပ်လာကြသည်ကို တွေ့မြင်ကြရပါသည်။ အဓိကအားဖြင့် လူငယ်များ၏ အသံနှင့် အမြင်ကို ကြားသိခွင့်ရသောစကားဝိုင်းဟု ဆိုရမည်ဖြစ်သည်။ လူငယ်တို့၏ အတွေးအခေါ်၊ အယူအဆ၊ ခေတ်နှင့်အညီပြောင်းလဲနေသော လိုအင်ဆန္ဒများကို လေ့လာဖော်ထုတ်သော စကားဝိုင်းကလေး ဖြစ်ပါသည်။ အရာရာတွင်ကျယ် တို့လူငယ်ဟူသော စကားအရ လူငယ်တို့ကို နေရာပေးချီးမြှင့်သော ပွဲကလေးဟု ဆိုလျှင်လည်း မမှားချေ။

စကားဝိုင်းကလေးတွင် လူမှုနယ်ပယ်အသီးသီးမှ လူငယ်များနှင့်စကားဝိုင်း စီစဉ်ဖန်တီးပေးသူတို့ ပါရှိလေသည်။ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်လူမှုဆက်ဆံရေး၊ လူငယ်နှင့် နည်းပညာကဏ္ဍ စသည်တို့ပါရှိလေသည်။ ပွဲလာရောက်ကြည့်ရှုသူ ကျောင်းသား ကျောင်းသူများရှေ့တွင် ဆွေးနွေးမေးမြန်းကြသဖြင့် လူငယ်တို့၏ ဆန္ဒနှင့် ပွင့်လင်းမြင်သာမှုကို တွေ့မြင်ရသည်။

စကားဝိုင်းကလေး တက်ကြွနိုးကြားအောင် စီစဉ်ဖန်တီးပေးသူက ကဏ္ဍအလိုက် လူငယ်များကိုယ်စား မေးမြန်းပြီး အတွေးအမြင်များကို ဖလှယ်ကြလေသည်။ လာရောက်နားထောင်သူ ကျောင်းသားကျောင်းသူများကိုလည်း မေးမြန်းခွင့်ပေးသဖြင့် စကားဝိုင်းကလေးသည် ပိုမိုသက်ဝင်လာစေလေသည်။ ထိုအထဲတွင် လူငယ်များအား အဓိကလွှမ်းမိုးထားပြီး တူညီသောဆန္ဒလေးတစ်ခု ကိုယ်စီရှိနေကြသည်ကို သတိပြုတွေ့မြင်ရလေသည်။ ထိုအရာမှာ အခြားမဟုတ် အားကစားကဏ္ဍပင် ဖြစ်လေသည်။

လူငယ်တိုင်း အားကစားကို ချစ်မြတ်နိုးကြသည်ကို တွေ့ရသည်။ အားကစားကို မချစ်မြတ်နိုးသူဟူ၍ မရှိ။ မသန်စွမ်းလူငယ်လူရွယ်မောင်မယ်များပင် အားကစားကို ချစ်မြတ်နိုးကြသဖြင့် မသန်စွမ်းအားကစားပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးလျက်ရှိကြပါသည်။

အများအားဖြင့် ယနေ့ခေတ်အခါသမယတွင် ကွမ်းယာ၊ ဆေးလိပ်၊ ဘီယာ၊ အရက်၊ မူးယစ်ဆေးဝါးပေါများလာသဖြင့် ကျောင်းသားလူငယ်လူရွယ်များ မူးယစ်ဆေးဝါးသုံးစွဲသည့် လမ်းမှားသို့ မရောက်အောင် အားကစားနှင့် စွဲဆောင်စည်းရုံးကြဖို့ လိုအပ်မည်ဖြစ်ပါသည်။ အားကစားကို စိတ်ပါဝင်စားလာပါက မူးယစ်ဆေးဝါးနှင့် တဖြည်းဖြည်းဝေးကွာလာမှာဖြစ်ကြောင်း စကားဝိုင်းမှတစ်ဆင့် လူငယ်တို့၏ အမြင်နဲ့ အယူအဆကို သိမြင်လာရပါသည်။

မူးယစ်ဆေးဝါးနှင့် အားကစားသည် ဆန့်ကျင်ဘက်ဖြစ်ကြောင်း လူငယ်လူရွယ်များ သိမြင်လာကြပြီဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲများကလည်း စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ကျောင်းများတွင် “ပညာအားကစား ပေါင်းစပ်ထား၊ စွမ်းရည်မြင့်မား နိုင်ငံ့အား” ဟူသည့် ဆောင်ပုဒ်နှင့်အညီ အားကစားကွင်းများ၊ အားကစားရုံများ၊ အလေးမအားကစားရုံများကို တိုးချဲ့ဆောက်လုပ်ဖွင့်လှစ်ပေးပြီး နှစ်စဉ်ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးကာ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသော လူငယ်လူရွယ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ အားကစားလောကကို အဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်သည့်အခါတွင် ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွန်းလာရေးသည် အရေးပါသော အခြေခံအချက်အလက်ဖြစ်သည်နှင့်အညီ တက္ကသိုလ်အားကစားအဆင့်အတန်း မြင့်မားရေးကိုလည်း အထူးမြှင့်တင်အားပေးလျက်ရှိပါသည်။

လူငယ်နှင့် အားကစားကဏ္ဍမှာ မည်မျှအရေးပါပုံကို အားကစားနည်းအလိုက် သမိုင်းမှတ်တမ်းများ လေ့လာရှာဖွေခြင်းအားဖြင့် သိရှိနိုင်မည်ဖြစ်ပါသည်။

ရှေးအခါက တစ်နိုင်ငံနှင့်တစ်နိုင်ငံ အင်အားကြီးမားသာလွန်မှုကို ယှဉ်ပြိုင်ကြရာတွင် စစ်ပွဲများနှင့် ယှဉ်ပြိုင်ကြလေသည်။ လူ့အသက်ပေါင်းများစွာ သေကျေပျက်စီးပြီးကာမှ အနိုင်အရှုံး ပေါ်ကြလေသည်။ ယနေ့ခေတ်ယဉ်ကျေးသော လူ့အဖွဲ့အစည်းကြီး ပေါ်ပေါက်လာသောအချိန်တွင် စစ်ပွဲများအစား အားကစားပြိုင်ပွဲများနှင့် အနိုင်အရှုံး ဆုံးဖြတ်လာကြလေသည်။ ထိုအချိန်မှစ၍ အားကစားကဏ္ဍသည် ယဉ်ကျေးသော နိုင်ငံရေးသမိုင်းအဖြစ် စတင်ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။

၁၉၆၇ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ဂျီးရီးယားပြည်တွင်းစစ်တွင် စစ်တိုက်နေကြသော လက်နက်ကိုင်အဖွဲ့အစည်းပေါင်း ၃၀၀ ကျော်သည် နှစ်ရက်တိတိ အပစ်အခတ်ရပ်စဲခဲ့ကြပါသည်။ အကြောင်းမှာ ကမ္ဘာကျော်လက်ရွေးစင်ဘောလုံးသမား ပီလီသည် နိုင်ဂျီးရီးယားနိုင်ငံတွင် ဘောလုံးလာကန်မည် ဖြစ်သောကြောင့် ပီလီ၏ဘောလုံးပွဲကို ကြည့်ချင်ကြသဖြင့် “နိုင်ဂျီးရီးယားနိုင်ငံအတွင်း ပီလီရှိနေစဉ် နှစ်ရက်အတွင်း မည်သူမျှ သေနတ်တစ်ချက် မပစ်ရ”ဟူသော သဘောတူဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ကြပါသည်။

နောက် နှစ်ရက်ကြာပြီး နိုင်ငံအတွင်းက ပီလီ ထွက်သွားပြီးနောက် နှစ်မိနစ်အကြာမှာပင် နိုင်ဂျီးရီးယားပြည်တွင်းစစ်ကြီး ပြန်စခဲ့လေသည်။

လူငယ်တွေချစ်သော ဘောလုံးသည် အားကစားတစ်ခုထက်ပိုကြောင်း တွေ့မြင်ရလေသည်။ အားကစားသည် အခြေအနေတစ်ခု၊ အချိန်အခါတစ်ခုတွင် လူတွေ၏စိတ်နှလုံးကို သိမ်းကျုံးဆွဲယူ ပြောင်းလဲနိုင်စွမ်းရှိကြောင်း တွေ့မြင်ရပါသည်။ အားကစားပြိုင်ပွဲများကြောင့် လူငယ်တို့၏ အသိတရား၊ အရှိတရားတို့ကို ပိုမိုသိမြင်လာကြလေသည်။

အားကစားလောကတွင် Fair Play ရှိမှ တရားမျှတမှုရှိမည်ဆိုသော နိယာမကို လက်ခံကြသလို အပြန်အလှန် လေးစားညီညွတ်မှုရှိမှုကို ချစ်မြတ်နိုးလာအောင် လေ့ကျင့်သင်ကြားပေးခြင်း ဖြစ်ပါသည်။ အားကစားသည် အားလို့ကစားခြင်းမဟုတ်။ အားရှိမှ ကစားလို့ရသော အရာဖြစ်သည်ဟု ကြားသိရပါသည်။ လူငယ်လူရွယ်များ အားကစားကို ချစ်မြတ်နိုးသော စိတ်ဖြစ်လာအောင် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးသင့်ပါသည်။

“ကျွန်ုပ်တို့၏ အနာဂတ်သည် ကလေးများ၏ လက်ထဲတွင်ရှိသည်” ဟူသည်အတိုင်း လူငယ်လူရွယ်များ လမ်းမှားမရောက်အောင် အားလုံးက ဝိုင်းဝန်းပြုပြင်ထိန်းကျောင်းကြရန် တာဝန်ရှိပါသည်။ လူငယ်လူရွယ်မောင်မယ်များ လမ်းမှားရောက်ကာ ပျက်စီးသွားကြပါက နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်တစ်ဦး ဆုံးရှုံးရမည်ဖြစ်သလို ကျွန်ုပ်တို့၏ အနာဂတ်အတွက်လည်း လွန်စွာစိုးရိမ်စရာ ကောင်းလှပါသည်။ ထို့ကြောင့် လူငယ်လူရွယ်များအား မှန်ကန်စွာနှင့် ကောင်းမွန်စွာ ပြုစုပျိုးထောင်ဖို့ လိုအပ်မည် ဖြစ်ပါသည်။

Miss Universe ပြိုင်ပွဲတစ်ခုတွင် ဖိလစ်ပိုင်အလှမယ်တစ်ဦးသည် Miss Universe သရဖူ ရရှိခဲ့ပါသည်။ ဆုယူအပြီးတွင် ဖိလစ်ပိုင်အလှမယ်က “အခွင့်အရေးသာ မရခဲ့ရင် အရည်အချင်းဆိုတာ အလကားပါပဲ” ဟု မျက်ရည်စက်လက်နဲ့ ကျေးဇူးတင်စကား ပြောကြားခဲ့လေသည်။ ဤကျေးဇူးတင်စကားလေးတွင် နက်ရှိုင်းသော အဓိပ္ပာယ်များစွာ ပါဝင်နေပြီး ကြိုးစားခဲ့ပေမယ့် ဖန်တီးပေးသော လက်တစ်စုံသာ မရှိခဲ့ရင် အရည်အချင်းဟာ အလကားပါပဲလို့ ပြောချင်ခဲ့တာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် လူငယ်လူရွယ်များ ဘာဖြစ်ချင်ကြသည်၊ ဘာလိုချင်ကြသည်၊ ဘယ်လိုဆန္ဒရှိနေကြသည်ကို လေ့လာဖော်ထုတ်ဆောင်ရွက်ပေးကြဖို့ အရေးကြီးပါသည်။ လူငယ်လူရွယ်များ အများစု စိတ်ပါဝင်စားသော အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် လူငယ်များ၏ တန်ဖိုးရှိသော အချိန်နှင့် ကြိုးစားအားထုတ်မှုများကို မြှင့်တင်ဆောင်ရွက် အားပေးကြရမည် ဖြစ်ပါသည်။

လူငယ်လူရွယ်မောင်မယ်များ၏ ဘဝကိုသိမြင်ပြီး လူငယ်များ၏ အနာဂတ်ကို ကောင်းမွန်လှပစွာ ထုဆစ်ပေးကြဖို့တင်ပြရင်း တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင်ပြုလုပ်နေကြသော လူငယ်ဆွေးနွေးစကားဝိုင်းကို အားပေးဂုဏ်ပြု ရေးသားဖော်ပြလိုက်ရပါတော့သည်။ ။

---

## ဝါဆိုမိုးနှင့်အတူ

❀ ဝါဆိုမိုးက သွန်းဖြိုးရွာ
နေ့ညမရွေးပါ၊
လယ်ကွင်းပြင်မှာ ပင်စပါး
မြစိမ်းရောင်အလား။


❀ ရိုးသားလှတဲ့ တို့တောင်သူ
စိတ်ထားအလွန်ဖြူ၊
လှူဖို့ရာကို အမြဲတွေး
အလုပ်ကြိုးစားသေး။

❀ အပျိုလေးတို့ ပါးပြင်တွင်
ပါးကွက်ကျားနှင့်ပင်၊
ကောက်ငန်းကိုဝင် အပြိုင်နွှဲ
လက်စွမ်းပြသည့်ပွဲ။

❀ မိုးသည်းထဲမှာ မမောနိုင်
သီချင်းဆိုလည်းပိုင်၊
ကောက်ပင်ကိုင်လို့ စိုက်ပျိုးကြ
ယိမ်းကသလိုလှ။


❀ ဝါဆိုမိုးက မစဲပေ
ပုလဲပန်းကိုခြွေ၊
စပါးပင်တွေ အနှံထွား
အထွက်တိုးစေသား။
တိုင်းပြည်ရိက္ခာများ။ ။

ဖိုးပြည့်(ပတ္တမြား)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းသုတေသန ဆောင်းပါးများ

စာရေးသူ မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန) စီစဉ်ရေးသားသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းသုတေသန ဆောင်းပါးများ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်၏ မြန်မာနိုင်ငံတွင် ကြွင်းကျန်ရစ်သော မဟာသေလာယဉ်ကျေးမှု ခေါင်းစဉ်ဖြင့် မဟာသေလာယဉ်ကျေးမှုသည် ကျောက်ခေတ်လူသားများ၏ သင်္ဂြိုဟ်မြှုပ်နှံမှုဆိုင်ရာဓလေ့နှင့် သက်ဆိုင်ပေသည်။ ကျောက်ခေတ်ကာလတွင် သေသူ၏အလောင်းကို ထိုသူသုံးစွဲခဲ့သော အသုံးအဆောင်ပစ္စည်းများနှင့်အတူ မြေအောက်တွင်အတူမြှုပ်နှံပြီး မြေပေါ်ကျောက်ပြားကြီးဖြင့် ဖုံးအုပ်ထားသည်။ ထိုကျင်းပတ်လည်တွင် စက်ဝိုင်းပုံကျောက်တုံးများဖြင့် ခြံခတ်ထားပြီး ထိုကျောက်တုံးဝိုင်းအတွင်း၌ ကျောက်ပုံငယ်အဖြစ် ကျောက်လွှာစများကို ဖြူးထည့်ထားသည်။ မဟာသေလာယဉ်ကျေးမှုတွင် သင်္ချိုင်းတည်ဆောက်မှုသည် ထိုခေတ်ထိုအခါက ယုံကြည်မှုအရ သေသူ၏နောက်ဘဝအတွက် ပြင်ဆင်မှုကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ အချို့ကဆိုလျှင် ကျင်းပတ်လည်တွင် ကျောက်တုံးကြီးများစိုက်ထူထားခြင်းမှာ သေသူကို အထိမ်းအမှတ်ပြုရန်ဖြစ်သည်။ ကျောက်တိုင်ကြီးများသည်ပင်လျှင် သေဆုံးပြီးခဲ့သောသူများဖြစ်သည်ဟု ယုံကြည်ကိုးကွယ်ခဲ့ကြပေသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် (၂၁၉)၊ လမ်း (၄၀) လယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၇၇၁၃၉၄၇၇နှင့် ၀၉ ၇၉၈၁၈၉၁၄၈တို့မှ တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့် ဖြန့်ချိသည်။





## တပင်ရွှေထီး ဘုရင့်နောင်နှင့် ဒုတိယမြန်မာနိုင်ငံတော်

စာရေးသူ ဟိန်းဧ စီစဉ်ရေးသားသည့် တပင်ရွှေထီး ဘုရင့်နောင်နှင့် ဒုတိယမြန်မာနိုင်ငံတော် စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် သမိုင်းထင်ရှား ဖြောင့်မတ်သည့်မင်းနှစ်ပါး ခေါင်းစဉ်ဖြင့် တပင်ရွှေထီးကား လက်ရုံးရည်၊ နှလုံးရည် ဘုန်းသမ္ဘာတို့နှင့်ပြည့်စုံသော မြန်မာ့သမိုင်းတွင် ထင်ရှားကျော်ကြားသည့် မင်းတစ်ပါးဖြစ်သည်။ စိတ်ထားဖြူစင်မြင့်မြတ်ပြီး ထိုမင်းလက်ထက်တွင် ရန်သူ့နယ်မြေဖြစ်သည့် ရွှေမော်ဓောစေတီတော်၌ နားထွင်းမင်္ဂလာဆင်ယင်ကျင်းပခြင်း၊ ဖောင်ဖျက်နွှဲခဲ့သည့် ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲ၊ ယိုးဒယားကိုချီတက်၍ အနိုင်တိုက်ကာ မြန်မာတို့၏ သတ္တိသွေးကိုပြခဲ့ခြင်းဖြစ်သည်။ တပင်ရွှေထီးဟုရေးလိုက်သည်နှင့် ဘုရင့်နောင်ပါလာရမည်ဖြစ်သကဲ့သို့ ဘုရင့်နောင်အကြောင်းကို ရေးမည်ဆိုလျှင် တပင်ရွှေထီးပါ ပါလာရတော့မည်ဖြစ်သည်။ ထိုမင်းနှစ်ပါးသည် ခွဲ၍မရငယ်စဉ်ကလေးဘဝမှစ၍ ညီနောင်နှယ်ရင်းများထက်ပင် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြသူများဖြစ်သည်။

စာအုပ်ကို စိုးစာပေ၊ ၅၅ (E)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၅၆၉၆၆၄၆၁နှင့် ၀၉ ၈၇၉၅၂၂၅၄၂တို့မှ တန်ဖိုးငွေကျပ် ၇၀၀၀ဖြင့် ဖြန့်ချိသည်။




## လောကမာယာ

စာရေးသူ ဘသန်း(ဓမ္မိက) ရေးသားသည့် လောကမာယာစာအုပ် ထွက်ရှိလာသည်။

ကျွန်တော်မှု မကြာသေးမီက ဆလင်ဒါများကို လုပ်ကိုင်နေရင်း အတွေ့အကြုံတွေ တပြုံတခေါင်းကြီးနှင့် စိတ်ထဲရှုပ်ထွေးနေခဲ့သည်။ ငါတော့ကော်တာပဲ။ ဒီလူ့နားသာကပ်နေရင် ဘယ်ပြဿနာမျိုးမှလည်း ပေါ်မှာမဟုတ်ဘူး။ အရာရာတိုင်းမှာ ဖြူးဖြောင့်နေမှာပဲ။ အကောင်းတွေချည်းဖြစ်နေပြီး အဆိုးဆို ဘာတစ်စေ့မှဖြစ်မှာမဟုတ်ဘူးရယ်လို့ အတွေးမျှင် အတွေးစဉ်ကြီးတန်းစီနေလိုက်တာ။ ကျွန်တော့်ဇာတိပါ ဉာဏ်သည် ကျွန်တော့်အား ကျွန်တော့်လေယာဉ် ကောင်းကင်သို့အရောက်တွင် တောင်အရပ်သို့ ဦးတည်ပြီး ဤပုဂ္ဂိုလ်နှင့် ဝေးနိုင်သလောက် ဝေးအောင်တိမ်းရှောင်လေ့ဟု အော်ကြီးဟစ်ကျယ် လုပ်နေတော့သည်။ သို့သော်လည်း ရှေ့၌ ကျွန်တော်ပြောခဲ့ဖူးသလို ဝေဟင်ခရီးကိုတစ်ယောက်ထီးတည်း နှင်ရခြင်းအလုပ်သည် ပျင်းခြောက်ခြောက်ဖြစ်နေသဖြင့် လေယာဉ်မှူးတွင် ဤမျှလောက် နပ်နေသော လူတစ်ယောက်ကို အဖော်သဟဲပြုနေခြင်းသည် အရတော်ပေစွဟု ဝမ်းမြောက်ရသည်။

စာအုပ်ကို အမှတ်(၂၁၉)၊ လမ်း (၄၀) အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၇၇၁၃၉၄၇၇နှင့် ၀၉ ၇၉၈၁၈၉၁၄၈တို့မှ တန်ဖိုးငွေကျပ် ၈၅၀၀ဖြင့် ဖြန့်ချိသည်။




## ထုံးတမ်းစဉ်လာ နတ်ရိုးရာ

စာရေးသူ စေတနာလှိုင်(ရေစကြို) စီစဉ်ရေးသားသည့် ထုံးတမ်းစဉ်လာ နတ်ရိုးရာ စာအုပ် ထွက်ရှိလာသည်။


နတ်ဆိုသည်မှာ နာထပုဒ်မှ ဆင်းသက်လာခြင်းဖြစ်၍ ကိုးကွယ်အားထားရာဟု အဓိပ္ပာယ်ရ၏။

လောက၌ ဝိသုဒ္ဓိနတ်၊ ဥပပတ္တိနတ်၊ သမ္မုတိနတ်ဟူ၍ နတ်သုံးမျိုးရှိသည်။ ဝိသုဒ္ဓိနတ်ဆိုသည်မှာ ကိလေသာတို့မှ စင်ကြယ်ပြီးသော ဘုရား၊ ရဟန္တာ၊ သံဃာတော်တို့ကို ခေါ်သည်။ ဥပပတ္တိနတ်ဆိုသည်မှာ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ ကိုယ်ထင်ရှားဖြစ်သော နတ်ဗြဟ္မာတို့ကို ခေါ်သည်။ သမ္မုတိနတ် ဆိုသည်မှာ လူတို့အပေါ်၌ အုပ်ချုပ်မင်းလုပ်သော ဘုရင်ရောဇ်တို့ကိုခေါ်သည်။

ယင်းတို့တွင် သဗ္ဗညု ဘုရားသည်သာလျှင် နတ်တကာတို့ထက် အမြတ်ဆုံးဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်အများစုသည် ဘုရားကို ကိုးကွယ်ကြသကဲ့သို့ တစ်ဖက်ကလည်း မိမိတို့ရိုးရာနတ်များကို ကိုးကွယ်ကြသည်။ မည်သည့်နည်းဖြင့် ကိုးကွယ်သည်ဖြစ်စေ နတ်ကို ဘုရားထက် လွန်ကြူးစွာ ယုံကြည်ပြီး ကိုးကွယ်အားထားခြင်းမျိုး လုံးဝမပြုသင့်ကြောင်း အဆိုပါစာအုပ်တွင်ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း-၀၉ ၇၆၀၄၆၈၁၃၈နှင့် ၀၉ ၇၉၈၁၈၉၁၄၈တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။




## အန်ကောခေတ်ယဉ်ကျေးမှု

စာရေးသူ ကျော်ညွန့်ရည် ရေးသားသည့် အန်ကောခေတ်ယဉ်ကျေးမှု စာအုပ် ထွက်ရှိလာသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် အန်ကောဝပ်ဘုရားကျောင်းကြီး၏ ကြီးကျယ်ထည်ဝါမှုသာမက အန်ကောခေတ်၌ တည်ဆောက်ခဲ့သည့် ဘုရားကျောင်းတစ်ခုချင်းစီတွင် သီးခြားဝိသေသရှိသည်များကို ဖော်ပြထားသော စာရေးသူ၏ အဆိုပါစာအုပ်တွင် အန်ကောခေတ်သမိုင်း၊ အန်ကောခေတ်လွန်ကာလ၊ အန်ကောမင်းဆက်များအကြောင်း၊ "ဗုဒ္ဓဘာသာ- ဟိန္ဒူဘာသာကိုးကွယ်မှုများ" ခမာဗိသုကာနှင့် အနုပညာ ကျောက်ဆစ်လက်ရာများ၊ အန်ကောခေတ်ဘုရာကျောင်းများ၏ ပြင်ညီမျက်နှာပြင်များတွင် ဘာသာရေး၊ စစ်ရေး၊ ယဉ်ကျေးမှု စသည်တို့ကို ရုပ်ကြွများထွင်းထုထားပုံများ၊ တုန်လီဆက်ရေကန်ကြီးတွင် ရွှေ့ပြောင်းနိုင်သော ရေပေါ်ရွာများနှင့် ခြေတံရှည်နေအိမ်များ၊ အဖိုးတန် ကျောက်မျက်ရတနာများထွက်ရှိသည့် ပိုင်လင်းဒေသတွင် ရှေးခေတ်မြန်မာများတည်ထားကိုးကွယ်သော စေတီ ဘုရား ကျောင်းကန်များ၊ ခမာ နှစ်သစ်ကူးပွဲတော်နှင့် ရိုးရာဓလေ့များသာမက ထိုင်းနိုင်ငံအလယ်ပိုင်း ဆုခေါ်ထိုင်းဒေသတွင် ခမာတို့တည်ဆောက်ခဲ့သော ဘုရားကျောင်းများ၊ ရှေးခေတ်မွန်လူမျိုးနှင့် တိုင်ရှမ်းလူမျိုးတို့ တည်ထားကိုးကွယ်ခဲ့သော ဗုဒ္ဓဘာသာ ဘုရား ပုထိုး စေတီများ၊ လာအိုနိုင်ငံရှိ ခမာယဉ်ကျေးမှုအမွေအနှစ်များကိုပါ လေ့လာနိုင်စေရန် ရေးသားထားသည်။

စာအုပ်ကို ကျော်ညွန့်ရည်စာပေ၊ အမှတ် (၁၅၃)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၆၂၀၃၁၅၁မှ ဖြန့်ချိသည်။




## ဘိုင်အိုကျောင်းသူထံပေး မေတ္တာစာနှင့် ကမ္ဘာ့ဂန္ထဝင်စာပေလက်ရာမွန်မိတ်ဆက်

စာရေးသူ မောင်ကြာညို(ဘဝသစ်ဦးအောင်ကျော်) ရေးသားသည့် ဘိုင်အိုကျောင်းသူထံပေး မေတ္တာစာနှင့် ကမ္ဘာ့ဂန္ထဝင်စာပေ လက်ရာမွန်မိတ်ဆက် စာအုပ် ထွက်ရှိလာသည်။

ဂန္ထဝင်စာပေဟူသည်မှာ ယင်းတွင်ပါဝင်သော အနုအလှ ရသအမျိုးမျိုးကြောင့် ခေတ်အဆက်ဆက်၏ အကောင်းအဆိုး မှတ်ကျောက်တင်ခြင်းကို ကြံ့ကြံ့ခံနိုင်ခဲ့ပြီး အစဉ်အမြဲ ရှင်သန်နေသော လက်ရာမွန်များဖြစ်သည်။ ဂန္ထဝင်စာပေသည် ဖတ်ရှုသူများအား အသိအလိမ္မာကိုသော်လည်းကောင်း၊ ရသမြောက်အရေးအသားများကိုသော်လည်းကောင်း ပေးစွမ်းနိုင်သဖြင့် ကျေနပ်ဖွယ်အကောင်းဆုံး စာပေလက်ရာများဖြစ်သည်။ ကမ္ဘာ့နိုင်ငံများရှိ တက္ကသိုလ်ကြီးများအသီးသီးတွင် ဂန္ထဝင်စာပေကို ရှေးယခင်မှစ၍ ယနေ့ထက်တိုင် စဉ်ဆက်မပြတ် သင်ကြားပို့ချပေးနေကြသည်ကိုတွေ့ရသည်။

စာဖတ်သူများအဖို့ ကြားဖူးနားဝမျှသာရှိခဲ့ကြသော ကမ္ဘာ့စာပေလောကတွင် အကြီးမြတ်ဆုံး၊ အကောင်းမွန်ဆုံး၊ အထင်ရှားဆုံး လက်ရာများဖြစ်ကြသည့် အိလိယက်နှင့် အိုဒစ်ဆီးကဲ့သို့သော ဂရိနှင့် ရောမလက်ရာမွန်အချို့အပါအဝင် အခြားနိုင်ငံအချို့မှ လက်ရာမွန်များကိုလည်း အဆိုပါစာအုပ်တွင်ဖတ်ရှုနိုင်ရန် ရေးသားထားသည်။

စာအုပ်ကို စိတ်ကူးချိုချိုစာပေ၊ အမှတ် (၈၅)၊ (၁၆၄) လမ်း၊ တာမွေ၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၅၅၀၀ သတ်မှတ်ထားသည်။




## မှတ်တမ်းမရေးထားသော နှလုံးသားထဲကပုံရိပ်များ (ဒုတိယတွဲ)

စာရေးသူ U Myint Maung TZnine စီစဉ်ရေးသားသည့် မှတ်တမ်းမရေးထားသော နှလုံးသားထဲကပုံရိပ်များ(ဒုတိယတွဲ) စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူက ရှေ့တန်းတာဝန်ထမ်းဆောင်ရင်း မြိုင်ကြီးငူဆရာတော်ကို အနီးကပ် ဖူးတွေ့ခဲ့ရသည်။ တစ်ချိန်က အသေအကျေတိုက်ခိုက်ခဲ့ကြသည့် ရန်သူများကို မိတ်ဆွေအဖြစ် ရင်းနှီးစွာ ဆက်ဆံကြရကာ ငြိမ်းချမ်းခြင်း၏အရသာကို စတင်မြင်တွေ့ခံစားလာပါသည်။ ကျန်းမာရေးချို့တဲ့ပြီ စိတ်ဓာတ်ပါထိခိုက်လျက်ရှိသည့် တစ်ပတ်စဉ်တည်းသူငယ်ချင်းကို သူ့ဆန္ဒအတိုင်း ဆေးကုသမှုခံယူနိုင်ရန်အတွက် ဖာပွန်ဒေသကနေခေါ်ယူပေးခဲ့သကဲ့သို့ စိုးထိတ်ဖွယ် လေယာဉ်ခရီးစဉ်နှင့်လည်း ကြုံလိုက်ရပါသည်။

တစ်ဆင့်မြင့်ရာထူးအတွက် ရသင့်ရထိုက်သူများရရှိစေရန် ခေတ္တာတပ်မမှူးနှစ်ဦးကို တင်ပြပေးနိုင်ခဲ့သည်ကလည်း ကျေနပ်စရာကောင်းလှပါသည်။

စာအုပ်ကို ဦးသိန်းဝင်း၊ ပပဝင်း(၀၀၂၈၄)၊ အမှတ် (၃၇)၊ အနော်မာ (၁၉)လမ်း(အနောက်) သာကေတမြို့နယ်၊ ရန်ကုန်မြို့ မှထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၈၀၀၀ သတ်မှတ်ထားသည်။




## လူဆိုတဲ့ လူ

စာရေးသူ ဒေါက်တာရဲနိုင် စီစဉ်ရေးသားသည့် လူဆိုတဲ့ လူ စာအုပ် (ဒုတိယအကြိမ်) ထွက်ရှိလာသည်။

ထူးခြားတဲ့ ဝိသေသတွေနဲ့ အားသာချက်တွေရထားတဲ့ လူ့အဖြစ်ကို ရယူထားတာကို နားလည်ကြပါရဲ့လား။ မွေးဖွားပြီးစမှာတော့ တိရစ္ဆာန်နဲ့ တန်းတူဖြစ်ပေမယ့်စက္ကန့်ပိုင်းအတွင်းမှာကိုခြားနားသွားပြီ။ ၂၁ ရာစုရဲ့တီထွင်ပြီးသား လူသုံးပစ္စည်းတွေက အဆင်သင့်။ အသိပညာကလည်း ရှေးလူတွေသိခဲ့၊ တတ်ခဲ့ပြီးသမျှကို သိချင်တတ်ချင်ရင် လေ့လာမှတ်သားဖို့ အရန်သင့်လေ။

ရှေးခေတ်လူသားတွေရဲ့အမွေတွေကို ဆက်ခံရုံဖြစ်တဲ့ အဆင့်မြင့်သတ္တဝါအနေနဲ့ပဲ အသက်ရှင်နေထိုင်သွားတော့မှာလား။ စားဝတ်နေရေးအတွက် အလုပ်တစ်ခုခုလုပ်၊ အိမ်ထောင်သားမွေးပြု၊ အိုမင်းသေဆုံးသွားရင်ဖြင့် သစ်ပင်တစ်ပင်၊ တိရစ္ဆာန်တစ်ကောင်ထက်ပိုပြီး လူ့ဘဝဟာတန်ဖိုးမရှိနိုင်ပါဘူး။ ရရှိပြီးသား လူသားတွေရဲ့ အားသာချက်တွေကို မှန်မှန်ကန်ကန်အသုံးချနိုင်မှ လူဖြစ်ကျိုးနပ်ပါမယ်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ် (၂၁၉)၊ လမ်း(၄၀) လယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၇၇၁၃၉၄၇၇နှင့် ၀၉ ၇၆၀၄၆၈၁၃၈တို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ဦးတင်အေးလမ်း၊ မြေကွက်အမှတ်(၆၂၁)၊ ဒေါ်သန်း အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်ပါ မြေအကျယ်(၄၁x၆၀)ပေရှိ မြေနှင့်ယင်းမြေပေါ်ရှိ နေအိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်လှလှဝင်း[၁၁/မပန(နိုင်)၀၀၃၅၂၀]မှ အရပ်ကတိစာချုပ်အဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန် သဘောတူပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြေညာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်း အဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ–**

**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆၀၅/၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–မြို့သစ်(ဂ)၊ မြေကွက်အမှတ်– ၈/က၊ ဧရိယာ (၀.၀၂၇၅) ဧက၊ (၂၀'x ၆၀')၊ မြေကွက်တည်နေရာအမှတ် ၈/က၊ မီးဒုံးလမ်း၊ မြို့သစ် (ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးစိုးလှိုင်(U/RGN – ၀၀၇၇၂၇) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးစိုးလှိုင်(ခင်ပွန်း)သည် (၇–၁၂–၂၀၂၀) ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်ပပ ကြည် [၁၂/လမန(နိုင်)၀၆၈၀၀၈]မှ တစ်ဦးတည်းသော ဇနီးတော်စပ် ကြောင်း၊ ခင်ပွန်းကွယ်လွန်ပြီးနောက် ခင်ပွန်းအမည်ပေါက် အိမ်နှင့် မြေအား ၎င်းမှလွဲ၍ အခြားမည်သူတစ်ဦး တစ်ယောက်မှ ပိုင်ဆိုင်အကျိုးခံစားခွင့် မရှိသည်မှာ မှန်ကန်ပါကြောင်း၊ ၎င်း တစ်ဦးတည်းသာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပါ ကြောင်း၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၃၆/၂–၅–၂၀၂၂)၊ ထပ်ဆင့်ထောက်ခံ ကျမ်းကျိန်လွှာ (၂)စောင်၊ ဦးစိုးလှိုင်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသား စိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင် ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက် ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြ မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ပျဉ်းမလမ်း၊ အမှတ်–၇၊ ၅–လွှာ၊ ခြေရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းကို လက်ရှိ လက်ဝယ် ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုသူ ဒေါ်ကြည်ကြည်ဝေ[၁၂/ကမတ(နိုင်)၀၅၅၉၉၃]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်နေဇာဝင်း [၆/မမန(နိုင်)၁၂၃၃၄၉]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာ ပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ် ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

**ညွှန်ကြားချက်အရ –**
**ဦးသူရိန်မြင့် LL.B (စဉ်–၉၅၂၁/၂၀၁၃ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B,D.B.L (စဉ်–၁၂၈၁၈/ ၂၀၁၇ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၅၀၅၉၈၂၂၊ ၀၉–၇၉၅၇၉၀၇၆၇**

**သွေးသည် အသက်**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/အရှေ့)၊ ဂုဏ်ဈေးလမ်းမကြီး၊ မြေကွက်အမှတ်(၁၀၅၄/က)၊ မြေအကျယ်အဝန်း–အလျားxအနံ(၂၀ပေx၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ ဦးမောင်သန်း(ခ)ဦးမြသောင်း[၁၂/သကတ (နိုင်)၀၅၈၅၁၂] အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး၊ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမောင်သန်း(ခ)ဦးမြသောင်းနှင့် ၎င်း၏ဇနီး ကွယ်လွန်သွားသောအခါ အမွေဆက်ခံ ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ သားသမီးများဖြစ်ကြောင်း ဝန်ခံကတိပြုသူ (၁)ဦးမျိုးဇင်[၁၂/သကတ(နိုင်)၀၅၈၅၀၇]၊ (၂)ဒေါ်ခင်စန်းဝင်း[၁၂/အစန(နိုင်)၀၁၅၂၆၉]၊ (၃)ဒေါ်ကြည်ကြည်ခိုင်[၁၂/သကတ(နိုင်)၀၈၀၁၄၅]၊ (၄)ဒေါ်ခင်ချောစုကြည် [၁၂/သကတ(နိုင်)၁၄၂၉၈၀]များတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်သက်သက်ခိုင်[၁၂/သဃက(နိုင်)၀၉၁၉၄၂]က အပြီးအပိုင် ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်ရက်မှ စ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၉–၅၁၃၁၂၀၃၊ ၀၉–၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၁၆၆)၊ မြေအကျယ်အဝန်း အလျားxအနံ(၄၀ပေx၆၀ပေ)၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ ဦးသုဟိန်းအောင် [၁၂/သဃက(နိုင်) ၁၆၃၃၂၇] အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးခင်မောင်မြင့်[၅/ရဘန(နိုင်)၁၂၁၂၂၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက် အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန် သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း–၀၉–၅၁၃၁၂၀၃၊ ၀၉–၂၅၁၀၁၂၅၃၀**

## အများသိစေရန် ကြေညာခြင်း

Top Great Star Co., Ltd. ၏ Director ဖြစ်သူ ဒေါ်သိန်းဖြူ ( ၁၁/မပတ (နိုင်) ၀၄၄၄၉၀ ) ၏ လွှဲအပ်ညွှန်ကြားချက်အရ လွှဲအပ် ကြော်ငြာသည်မှာ -

Top Great Star Co., Ltd. ကို ကုမ္ပဏီများရင်းနှီးမြှုပ်နှံမှုဦးစီးဌာနတွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ( ၁၅-၂-၂၀၁၉ ) ရက်နေ့မှစ၍ တရားဝင် စတင်ဖွဲ့စည်း တည်ထောင် ခဲ့ပြီး ကုမ္ပဏီ၏ လိုင်စင်နံပါတ်မှာ ၁၁၈၇၄၂၃၅၄ ဖြစ်ပါသည်။ ကုမ္ပဏီစတင်တည်ထောင်ချိန်တွင် ဦးမောင်မောင်ဇော်မှ (M.D) အဖြစ်လည်းကောင်း၊ ဦးစိုးနေလင်းမှ (Director) အဖြစ် လည်းကောင်း၊ ဒေါ်သိန်းဖြူ မှ (Director) အဖြစ် လည်းကောင်း ဖွဲ့စည်းတည်ထောင်၍ ရှယ်ယာများကို အချိုးကျ အသီးသီးထည့်ဝင်ကာ အိန္ဒိယနိုင်ငံမှ ဆေးဝါးများ (Food Supplements )များကို တရားဝင် တင်သွင်း၍ မြန်မာနိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ ယခုအခါ (M.D) ဖြစ်သူ ဦးမောင်မောင်ဇော် မှ ကုမ္ပဏီတွင် ရှယ်ယာဝင်အဖြစ် ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိတော့ပါသဖြင့် (၁၅-၃-၂၀၂၃) ရက်စွဲပါ အစုရှယ်ယာလွှဲပြောင်းခြင်းစာချုပ်ကို ချုပ်ဆို၍ (M.D) ဦးမောင်မောင်ဇော် ၏ ရှယ်ယာတန်ဖိုး ၃၀% ဖြစ်သော ငွေကျပ် (၈၃၃၆၃၅၂၉/-) တိတိအား Director ဖြစ်သူ ဒေါ်သိန်းဖြူ ကပေးအပ်၍ (M.D) ဦးမောင်မောင်ဇော် ၏ ရှယ်ယာတန်ဖိုးများကို ပြန်လည်လွှဲပြောင်း ရယူခဲ့ပါသည်။

ထို့ကြောင့် Top Great Star Co., Ltd. ထံတွင် (M.D) ဦးမောင်မော်ဇော် အနေဖြင့် ၎င်းပိုင်ဆိုင်သော ရှယ်ယာ ၃၀% ကို ရယူပြီးဖြစ်သဖြင့် Top Great Star Co., Ltd. နှင့် ယနေ့မှစ၍ မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမိုးခိုင် ( LL.B, B.BS, D.BS )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၆၂/၅-၅-၂၀၁၆)**
**အမှတ်-၇၇ ၊ ပထမထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၅၆၆၅၇၇၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ဇီဇဝါ(၂)လမ်း၊ တိုက်အမှတ်– ၁၅၃(က) ၁ ခန်းတည်း (၆)ထပ် အဆောက်အဦ၏ စတုတ္ထထပ် (၅)လွှာတိုက်ခန်းကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကြေညာ လာသူ ဒေါ်မြင့်စန်းကြည် [၁၄/ရကန(နိုင်)၀၆၆၂၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးကောင်းဇေယျာလွှမ်း[၉/လဝန(နိုင်)၂၃၂၃၆၄]က လက်ရောက် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါ သည်။ **ဦးကောင်းဇေယျာလွှမ်း ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၁၅၀)**
**အမှတ်–၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09–254345746, 09–971811981**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ ၄ လမ်း၊ အမှတ်–၁၂၆၉/ခဟု ခေါ်တွင်သော (၁)ခန်းတွဲ (၅)ထပ် အဆောက်အဦ၏ စတုတ္ထထပ် (၅)လွှာတိုက်ခန်းကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကြေညာလာသူ ဒေါ်ခိုင်ရွှေဝါ [၁၂/ဥကမ(နိုင်)၁၈၂၃၈၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးသဉ္ဇာအောင်[၁၂/ဥကမ(နိုင်)၂၁၈၂၆၀]က လက်ရောက် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ် ပါသည်။ **ဒေါ်အေးသဉ္ဇာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၁၅၀)**
**အမှတ်–၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09–254345746, 09–971811981**

## ကန့်ကွက်နိုင်ပါကြောင်း

